

# လူထုစိန်ဝင်း

## အတွေးရှင်း၊ အရေးရှင်း

## စာရှုခင်း



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

**လူငယ် ရှုခင်း**

စိတ်ကူးနဲ့ အိပ်မက်

စိတ်ညစ်နေရင် ကဗျာဖတ်ပါ

အတိတ်ကိုပြန်ကြည့် အနာဂတ်ကိုမျှော်ကြည့်
အိပ်မက်တွေ ရဲရဲမက်

**အမျိုးသမီး ရှုခင်း**

အမျိုးသမီးနဲ့ ပညာသင်ကြားခွင့်

ပထမ အမျိုးသမီး သတင်းစာဆရာများ

**စာနယ်ဇင်း ရှုခင်း**

စာနယ်ဇင်းသမားရဲ့ စာဖတ်နည်း

စာနယ်ဇင်း မော်နီတာ ရှိသင့်ပြီလား

စာနယ်ဇင်းလုပ်ငန်းနဲ့ ပီအာလုပ်ငန်း ကွဲပြားစေချင်

စာနယ်ဇင်းသစ် ဆိုတာ

သတင်းစာပညာ သင်ကြားရေး

သတင်းဘာသာပြန် လုပ်ငန်း

အတွေးရှင်းမှ အရေးရှင်းတယ်

**ကဗျာရှုခင်း**

ကိုယ့်ကိုယ်ကိုယ် သိရဲ့လား

ကဗျာဖတ်သူတစ်ဦးရဲ့ ရင်ထဲစွဲ ကဗျာများ

**အက်ဆေး ရှုခင်း**

သစ္စာလမ်းပေါ်က ဥပေက္ခာဝါဒီ အဘိုးအို

မရှိခြင်းရဲ့အလှ ချောင်းသာ

အကြမ်းဖက်ဝါဒနဲ့ ဂန္ဓီ–ကင်းတို့ရဲ့
အကြမ်းဖက်ဆန့်ကျင်ရေးဝါဒ

**ကမ္ဘာ့စာပေ ရှုခင်း**

ရှားဝုဒ်အန်ဒါဆင်

**၂၀ ရာစု ရှုခင်း**

၂၀ ရာစုကို ပြန်ကြည့်ခြင်း

**ရုပ်ပုံလွှာ ရှုခင်း**

အိပ်မက်ထဲမှာပဲ လွမ်းတော့မယ်

**အင်တာဗျူး ရှုခင်း**

စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်မှု

အင်တာဗျူး

# လူထုစိန်ဝင်း

## အတွေးရှင်း၊ အရေးရှင်း

## စာရှုခင်း

ISBN 9789997130334
LHS15
9 789997 130334
2,200.00 KS

mgyoe.com

mgyoe.com

အတွေးရှင်း အရေးရှင်း စာရှုခင်း၊ လူထုစိန်ဝင်း
စာမျက်နှာ ၁၄၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ လေးဝတီစာပေ၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


● လူငယ် ရှုခင်း

စိတ်ကူးနဲ့ အိပ်မက် ၁

စိတ်ညစ်နေရင် ကဗျာဖတ်ပါ ၆

အတိတ်ကိုပြန်ကြည့် အနာဂတ်ကိုမျှော်ကြည့်

အိပ်မက်တွေ ရဲရဲမက် ၁၀

● အမျိုးသမီး ရှုခင်း

အမျိုးသမီးနဲ့ ပညာသင်ကြားခွင့် ၁၇

ပထမ အမျိုးသမီး သတင်းစာဆရာများ ၂၂

● စာနယ်ဇင်း ရှုခင်း

စာနယ်ဇင်းသမားရဲ့ စာဖတ်နည်း ၂၇

စာနယ်ဇင်း မော်နီတာ ရှိသင့်ပြီလား ၃၂

စာနယ်ဇင်းလုပ်ငန်းနဲ့ ပီအာလုပ်ငန်း ကွဲပြားစေချင် ၃၆

စာနယ်ဇင်းသစ် ဆိုတာ ၄၂

သတင်းစာပညာ သင်ကြားရေး ၄၉

သတင်းဘာသာပြန် လုပ်ငန်း ၅၅

အတွေးရှင်းမှ အရေးရှင်းတယ် ၆၁


mgyoe.com

mgyoe.com


- **ကဗျာရှုခင်း**

ကိုယ့်ကိုယ်ကိုယ် သိရဲ့လား ၆၅
ကဗျာဖတ်သူတစ်ဦးရဲ့ ရင်ထဲစွဲ ကဗျာများ ၆၉

- **အက်ဆေး ရှုခင်း**

သစ္စာလမ်းပေါ်က ဥပေက္ခာဝါဒီ အဘိုးအို ၇၅
မရှိခြင်းရဲ့အလှ ချောင်းသာ ၈၁
အကြမ်းဖက်ဝါဒနဲ့ ဂန္ဒီ–ကင်းတို့ရဲ့
အကြမ်းဖက်ဆန့်ကျင်ရေးဝါဒ ၈၉

- **ကမ္ဘာ့စာပေ ရှုခင်း**

ရှားဝုဒ်အန်ဒါဆင် ၉၇

- **၂၀ ရာစု ရှုခင်း**

၂၀ ရာစုကို ပြန်ကြည့်ခြင်း ၁၁၁

- **ရုပ်ပုံလွှာ ရှုခင်း**

အိပ်မက်ထဲမှာပဲ လွမ်းတော့မယ် ၁၂၅

- **အင်တာဗျူး ရှုခင်း**

စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်မှု ၁၃၅
အင်တာဗျူး ၁၄၀


❖

mgyoe.com

mgyoe.com



# စိတ်ကူးနဲ့ အိပ်မက်

"စိတ်ကူးယဉ်တာကို ရူးတယ်လို့ ပြောကြတယ်။ အဲဒါ ဟုတ်သလား" စကားပြောသင်တန်းမှာ ကန့်သတ်ဘောင် မရှိ၊ လွတ်လွတ်လပ်လပ် ပြောချင်တာ ပြောဆိုလို့ရတဲ့ ကဏ္ဍလေးတစ်ခု လုပ်ထားပါတယ်။ အဲဒီအချိန်မှာ ကျောင်းသူ၊ ကျောင်းသားတိုင်း မေးလေ့၊ ပြောလေ့ရှိတဲ့ ကိစ္စတစ်ခုကတော့ စိတ်ကူးယဉ်ခြင်းနဲ့ ပတ်သက်တာ ဖြစ်ပါတယ်။

'စိတ်ကူးယဉ်' တာကို တချို့က အကောင်းမြင်ပေမဲ့ တချို့ကတော့ ခုခေတ်စကားနဲ့ပြောရင် 'ဂေါက်' နေတာလို့ မြင်တတ်ကြပါတယ်။ မဖြစ်နိုင်တာတွေကို စိတ်ရူးပေါက်ပြီး တွေးနေတယ်ပေါ့လေ။ 'လက်တွေ့ကျမှု' ကိုမှ ကောင်းတယ်၊ မှန်တယ်လို့ ထင်ကြတာကိုး။ လက်တွေ့ကျမှုကမှ အောင်မြင်မှုရဲ့ အခြေခံလို့လည်း ယူဆတတ်ကြတယ်။

တကယ်က ဘာအလုပ်ပဲဖြစ်ဖြစ် စိတ်ကူးက ပေါက်ဖွားလာတယ်ဆိုတာ သတိထားမိသူ နည်းပါတယ်။ စိတ်ကူးကြောင့် အလုပ်ပေါ်လာပြီးမှ ဒီစိတ်ကူးရဲ့ရလဒ်ကို အကောင်အထည်ဖော်ဖို့ လက်တွေ့လုပ်ရတာပါ။ စိတ်ကူးမပါတဲ့ လက်တွေ့သက်သက်ဟာ အကန်း လမ်းလျှောက်သလိုသာ ဖြစ်ပါလိမ့်မယ်။ ဟိုကွေ့ ဒီထိုးနဲ့ ရည်မှန်းချက်ရှိရာ မရောက်နိုင်တော့ပါဘူး။ အလားတူပါပဲ။ လက်တွေ့မပါတဲ့ စိတ်ကူးဆိုတာလည်း လေဖမ်းဒန်းစီးသလိုသာ ဖြစ်မှာပါပဲ။

mgyoe.com

စိတ်ကူးနဲ့ လက်တွေ့ဆိုတာ ဒွန်တွဲနေပါတယ်။ စိတ်ကူးယဉ်တာဟာ ရူးတာမဟုတ်ပါဘူး။ အောင်မြင်သူများရဲ့ အခြေခံလုပ်ငန်း ဖြစ်ပါတယ်။ အသိဉာဏ်ပညာရှိသူများသာ လုပ်နိုင်ပါတယ်။ ပညာမတတ်၊ ဗဟုသုတ ခေါင်းပါးသူများ စိတ်ကူးယဉ်မှု မလုပ်နိုင်ပါဘူး။ ပညာရှိသူများ စိတ်ကူး ကြံဆထားတာများကို လက်တွေ့လုပ်ကိုင်ပေးသူသာ ဖြစ်နိုင်ပါတယ်။ "ပညာရှိများ တွေးကြည့်က ပြေးကြည့်တာထက် မှန်တယ်" ဆိုတဲ့ စကား ရှိပါတယ်။ ပညာရှိက သာမန်မျက်စိနဲ့ ကိုယ်တိုင်ကိုယ်ကျ သွားကြည့်ဖို့ မလိုပါဘူး။ 'ပညာမျက်စိ' နဲ့ ဘာလုပ်ရင် ဘာဖြစ်လိမ့်မယ်ဆိုတာ သိပါတယ်၊ မြင်ပါတယ်။

'စိတ်ကူးယဉ်တယ်ဆိုတာ ပညာရှိအလုပ်' လို့ ကျောင်းသူ၊ ကျောင်းသားတွေကို ဆွေးနွေးဝေဖန်ပြပါတယ်။ လူငယ်များပီပီ သဘောတူလက်ခံကြပါတယ်။ ဒီလိုသဘောတူ လက်ခံကြပေမဲ့ စိတ်ကူးကို ဆုံးခန်းတိုင်အောင် ယဉ်လေ့ရှိသူကျတော့ နည်းပါတယ်။ တချို့က 'ဒါပေမဲ့' ဆိုပြီး ရပ်နေလိုက်ကြပါတယ်။ 'ဖြစ်တော့ ဖြစ်ချင်တာပေါ့၊ ဒါပေမဲ့'၊ 'လုပ်တော့ လုပ်ချင်တာပေါ့၊ ဒါပေမဲ့' ဆိုတာ ဒီနေ့လူငယ်လေးတွေရဲ့ ပါးစပ်က အပြောအများဆုံးစကား ဖြစ်နေပါတယ်။ ဒီ 'ဒါပေမဲ့' ဆိုတာ ရှိနေသရွေ့ ဘယ်တော့မှ ထူးချွန်အောင်မြင်သူတစ်ယောက် ဖြစ်မလာနိုင်ပါဘူး။

'ဒါပေမဲ့' ကို လုံးဝ ဖျောက်ဖျက်ပစ်ဖို့ လိုပါတယ်။ ဖျောက်ဖျက်နိုင်ဖို့အတွက် 'ဒါပေမဲ့' ဖြစ်ပေါ်လာရခြင်း ဇာစ်မြစ်ကို သိဖို့လိုတယ်။ 'ဒါပေမဲ့' ဖြစ်လာတဲ့ နံပါတ်တစ်အကြောင်းက ကိုယ့်စိတ်ကူးအပေါ်မှာ ယုံကြည်မှု မခိုင်မာခြင်း ဖြစ်တယ်။ စကတည်းက ယုံကြည်မှုမခိုင်မာတော့ အားထုတ်မှု လျော့ရဲရဲ ဖြစ်တယ်။ စိတ်မပါ့တပါနဲ့လုပ်ရင် ဘာအလုပ်မှ မအောင်မြင်နိုင်ပါဘူး။

နံပါတ်နှစ်အကြောင်းက ဖြတ်သန်းကြုံတွေ့ရမယ့် အခက်အခဲတွေ၊ အန္တရာယ်တွေကို ရင်ဆိုင်ရဲတဲ့သတ္တိ ချို့တဲ့ခြင်း ဖြစ်တယ်။ စိတ်ဓာတ်ပျော့ညံ့သူဟာ ဘယ်တော့မှ ထူးချွန်ထက်မြက်အောင်မြင်သူ မဖြစ်နိုင်ပါဘူး။

နံပါတ် သုံးအချက်က 'ဇွဲ' မရှိခြင်း ဖြစ်တယ်။ ယုံကြည်မှုနဲ့ သတ္တိခိုင်မာ ပြတ်သားပေမဲ့ လက်တွေ့လုပ်နည်းလုပ်ဟန် မှားနေရင် မအောင်

mgyoe.com

မြင်နိုင်ပါဘူး။ တစ်ကြိမ်၊ နှစ်ကြိမ် ဆုံးရှုံးမှုကြုံတွေ့တာနဲ့ ဖွဲ့လျှော့ပြီး ဆက်မလုပ်တော့ဘူးဆိုရင် အောင်မြင်မှုမရနိုင်ပါဘူး။ ကြီးကျယ်တဲ့စိတ်ကူး မှန်သမျှ တစ်ခါတည်းနဲ့ အောင်မြင်သွားတယ် ဆိုတာမျိုး ရှိခဲပါတယ်။ မှားလိုက်၊ ပြင်လိုက်၊ ထပ်မှားလိုက်၊ ထပ်ပြင်လိုက် ဆိုတဲ့နည်းနဲ့သာ အောင်မြင်မှု ရကြတာဖြစ်တယ်။ ဒါကြောင့် အရှုံးကို၊ အမှားကို အထပ်ထပ်အခါခါ ရင်ဆိုင်ဝံ့တဲ့ 'ဖွဲ့' ရှိဖို့ လိုပါတယ်။

ဒီအချက်သုံးချက်နဲ့ ညီညွတ်မှ အောင်မြင်မှုရနိုင်တယ်။ စိတ်ကူးတွေ လက်တွေ့ ဖြစ်လာနိုင်တယ်။ အလုပ်တစ်ခုကို စလုပ်ပြီး လမ်းတစ်ဝက်က လှည့်ပြန်တယ်ဆိုရင် ဘာမှမလုပ်ဘဲနေတာထက် ပိုဆုံးရှုံး နစ်နာရတယ်။ ဘာမှမလုပ်သူက ဘာမှမဆုံးရှုံးဘူး။ အောင်မြင်သူမဖြစ်ရုံသာ ရှိမယ်။ လမ်းတစ်ဝက်က လှည့်ပြန်သူအဖို့ကတော့ လမ်းတစ်ဝက်အထိ စိုက်ထုတ်ခဲ့ရတဲ့ 'အရင်း' တွေ ဆုံးရှုံးရုံမက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိသူဟာ ဘယ်တော့မှ လူရာမဝင်တော့ပါဘူး။ ရှုံးတယ်ဆိုတာ စိတ်ကူးယဉ်လို့ မဟုတ်ပါဘူး။ လူရာမဝင်တော့တာကြောင့်သာ ဖြစ်တယ်။ လူရာမဝင်တော့ဘူး ဆိုတာနဲ့ သိမ်ငယ်စိတ်တွေ လွှမ်းမိုးလာပြီး စိတ်ကျဝေဒနာ ဝင်သွားလေ့ ရှိပါတယ်။ အဲဒါကြောင့် အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ကိုယ်အမှန်တကယ် ယုံကြည်တဲ့အလုပ် ဟုတ် မဟုတ်၊ အခက်အခဲတွေ၊ အန္တရာယ်တွေကို အမှန်တကယ် ရင်ဆိုင်ခြင်းပြုနိုင် မပြုနိုင် အရင်ဆုံးစဉ်းစားသင့်ပါတယ်။ မလုပ်ဖြစ်တာထက် လုပ်ပြီးမှ လမ်းတစ်ဝက်က ပြန်လှည့်ရတဲ့အဖြစ်က အများကြီး ဆိုးပါတယ်။

အတန်းထဲမှာ ကျောင်းသားတွေကို သင်ပေးလေ့ရှိတဲ့ ကဗျာလေး တစ်ပုဒ် ရှိပါတယ်။ ကဗျာလေးကို လူငယ် လုံမငယ်တွေအတွက် လက်ဆောင် ပါးလိုက်ပါတယ်။

**People Who Achieve Their Dreams...**

They have confidence in themselves

They have a very strong sense of purpose

They never have excuses for not doing something

mgyoe.com

mgyoe.com

They always try their hardest for perfection
They never consider the idea of failing
They work extremely hard towards their goals
They know who they are
They understand their weaknesses as well as their strong points
They can accept and benefit from criticism
They know when to defend what they are doing
They are creative
They are not afraid to be a little different
in finding innovative solutions that will enable them to achieve their dreams

**Susan Polis Schutz**

အိပ်မက်ကို တကယ်ဖြစ်အောင် လုပ်နိုင်ကြသူများ

သူတို့မှာ သူတို့ကိုယ်သူတို့ စိတ်ချယုံကြည်မှု ရှိတယ်။
သူတို့မှာ အင်မတန်ခိုင်မာတဲ့ ဘဝရည်မှန်းချက် ရှိတယ်။
သူတို့မှာ ဆင်ခြေတွေပေးပြီး ဘာမှမလုပ်ဘဲနေတဲ့ စိတ်ဓာတ် မရှိဘူး။
သူတို့မှာ အကောင်းဆုံးဖြစ်အောင် အစွမ်းကုန် ကြိုးစားချင်စိတ် ရှိတယ်။
သူတို့ဟာ အရှုံးဆိုတဲ့စကား ဘယ်တော့မှ မစဉ်းစားဘူး။
သူတို့ဟာ ပန်းတိုင်ရောက်ဖို့ ကျားကုတ်ကျားခဲ ကြိုးစားတဲ့စိတ်ဓာတ် ရှိတယ်။
သူတို့ဟာ သူတို့ကိုယ်သူတို့ သိကြတယ်။
သူတို့ဟာ သူတို့ရဲ့အားနည်းချက်တွေကို သိကြတယ်။
သူတို့ဟာ သူတို့ရဲ့အားကောင်းချက်တွေကိုလည်း သိကြတယ်။
သူတို့ဟာ ဝေဖန်မှုကိုခံယူပြီး အကျိုးရှိအောင် လုပ်နိုင်ကြတယ်။

mgyoe.com

mgyoe.com


သူတို့ဟာ သူတို့လုပ်နေတဲ့ အလုပ်ကို ဘယ်အချိန်မှာ ကာကွယ် စောင့်ရှောက်ရမလဲဆိုတာ သိကြတယ်။
သူတို့ဟာ တီထွင်ဆန်းသစ်မှု ရှိကြတယ်။
သူတို့ဟာ တီထွင်ဆန်းသစ်တဲ့ ရလဒ်ကို ရဖို့အတွက် လမ်းခွဲထွက်ရမှာကို မကြောက်ကြဘူး။
ဒီအချက်တွေက သူတို့ကိုယ်သူတို့ အိပ်မက်တွေ အကောင်အထည် ပေါ်လာစေလိမ့်မယ်။

ရှုမငြိး၊ နိုဝင်ဘာ၊ ၂၀၀၅

❖

mgyoe.com

mgyoe.com

# စိတ်ညစ်နေရင် ကဗျာဖတ်ပါ

## အမြဲတမ်း စွဲမှတ်ရမယ့် ဘဝသင်ခန်းစာ ၁၀ ခု

(၁) သင့်ဘဝတစ်ခုလုံးဟာ လေ့လာသင်ယူခြင်း၊ အတိုင်းအဆမရှိတဲ့ ဗဟုသုတတွေ တိုးပွားခြင်းတို့ဖြင့် ပြီးလိမ့်မယ်။ ဘဝဟာ သင်ခန်းစာ ဖြစ်လိမ့်မယ်။

(၂) အနုတ်လက္ခဏာပြအရာတွေက မနှောင့်ယှက်နိုင်စေနဲ့။ အပေါင်းလက္ခဏာစိတ်ထား အမြဲပွားများပါ။ သင့်ပတ်လည်မှာ အပေါင်းလက္ခဏာသမားများ ဝန်းရံထားပြီးတော့ "ငါ မတတ်နိုင်ဘူး" ဆိုတာတွေကို "ငါ တတ်နိုင်တယ်" အဖြစ် ပြောင်းလဲပစ်ပါ။

(၃) ကိုယ်ထိလက်ရောက်လုပ်၊ ဘာပဲလုပ်လုပ် စိတ်ရော ကိုယ်ပါနှစ်ပြီးလုပ်။ သင် ပိုပြီးရင်းသလောက် ပိုပြီးအကျိုးကျေးဇူး ရိတ်သိမ်းရလိမ့်မယ်။

(၄) စိတ်ကို အနားပေး၊ အံ့သြဖွယ်အချိန်ကာလလေးတွေနဲ့ ရယ်မောပြုံးရွှင်ခဲ့ဖူးတာတွေကို ပြန်စဉ်းစား။ ရှေ့မှာ ပျော်စရာတွေ အများကြီး စောင့်ကြိုနေတယ်ဆိုတာ သိထား။

(၅) မိတ်ဆွေများနဲ့ မိသားစု ဆိုတာ အရေးကြီးဆုံးအရာ။ အခက်ခဲဆုံး အချိန်တွေနဲ့ စိတ်လှုပ်ရှားစရာအောင်ပွဲတွေမှာ သူတို့ သင့်အပါးမှာ ရပ်နေကြတာ။ သူတို့ကို အမြဲတမ်း အနားမှာထားပါ။

mgyoe.com

mgyoe.com


ဘဝခရီးမှာ ပိုပြီးပြည့်ဝ၊ ပိုပြီးအောင်မြင်မှာ။ ပျော်စရာကောင်း တာတွေတော့ မပြောပါနဲ့တော့။

(၆) ကြိုးစားက ဘုရားဖြစ်နိုင်တယ်။ ထကြွ အားထုတ်မှုကြောင့် သင့်ဘဝ ပြည့်စုံခဲ့ရတယ်။ အလုပ်ကို ရိုသေ၊ အခွင့်အခါကို မြဲစေခြင်းဖြင့် သင့်ဘဝခရီး လျှောက်လှမ်းရာမှာ အောင်မြင်မှုတွေ အကြီးအကျယ် ရလိမ့်မယ်။

(၇) ပန်းတိုင်ကိုရောက်ဖို့ အရင်ဆုံး လိုအပ်တာက ပန်းတိုင်ကို ဖန်ဆင်းထားဖို့ ဖြစ်တယ်။ လက်တွေ့ကျတဲ့ ရေတို ရေရှည် ရည်မှန်းချက်များကိုသာ စဉ်းစားမိပါစေ။ ပြီးတော့ ဒါတွေရဖို့ ဖြည်းဖြည်းမှန်မှန် ထက်သန်တဲ့ ခြေလှမ်းများနဲ့ လျှောက်လှမ်းပါ။

(၈) အားထုတ်မှုငယ်လေးတွေ အများကြီးက အောင်မြင်မှုကြီးတွေ ရနိုင်တယ်။ တောင်ပေါ်ကို ဘယ်သူမှ ခြေတစ်လှမ်းတည်းနဲ့ မရောက်ဘူး။ နောက်ဆုံး တစ်လှမ်းပြီး တစ်လှမ်း တက်ခဲ့ရတာသာ ဖြစ်တယ်။ သင်လည်း တောင်ပေါ်ကို သင့်ကိုယ်ပိုင် ဒီနည်းနဲ့ တက်နိုင်တယ်။

(၉) သင်စခဲ့တဲ့အရာကို သင်ဆုံးအောင် လုပ်နိုင်စွမ်းတယ်။ ထက်သန်မှု၊ စိတ်ရှည်မှုနဲ့ ဘယ်ရည်မှန်းချက်ကိုမဆို အစက အဆုံးတိုင် အောင်မြင်မှု ရစေလိမ့်မယ်။

(၁၀) ဒီသင်ခန်းစာတွေအတွက် မေးခွန်းတွေထုတ်၊ စစ်ဆေး အမှတ်ပေးတာတွေ ရှိမှာမဟုတ်ဘူး။ သည်းထိတ်ရင်ဖို ဘဝခရီးကို ဆက်လက်လျှောက်လှမ်းရင်း နှလုံးသားထဲမှာ စွဲမြဲနေစေဖို့သာ ဖြစ်တယ်။

**DONNA GEPHART**

ကဗျာလေးက လွယ်လွယ်ရှင်းရှင်းလေးပါ။ အသိခက်စရာ ပဟေဠိဆန်တာတွေ မပါပါဘူး။ လောကမှာ အရိုးဆုံး၊ အရှင်းဆုံးအရာဟာ တန်ဖိုးအရှိဆုံးအရာပဲ မဟုတ်လား။ လေကို ကြည့်၊ ရွှေကိုကြည့်၊ ဘာနဲ့မှ ရောနှောပေါင်းစပ် ပြုပြင်စီရင်ထားခြင်း မရှိတဲ့ ဒြပ်စင်တွေပဲ။

mgyoe.com

mgyoe.com


လေလို၊ ရွှေလို အဖိုးတန်တဲ့ ဒီကဗျာလေးဟာ အသေအချာစဉ်းစား ကြည့်ရင် စိတ်အားငယ်တတ်တဲ့ လူငယ်တစ်ယောက်အတွက် အားငယ် စိတ်၊ ရွံ့စိတ်၊ ကြောက်စိတ်တွေကို ဖယ်ရှားပြီး ဘဝခရီးရှည်ကြီးကို စိတ်ချ လက်ချ လျှောက်လှမ်းသွားစေမယ့် သတ္တိတွေ ပေါက်ဖွားလာစေနိုင်ပါတယ်။

လူငယ်တွေအတွက် ဖတ်ခဲ့ဖူးတဲ့ အားမာန်ကဗျာလေးတွေ မျှဝေပေး နေရတာက ဆရာတစ်ယောက်အနေနဲ့ လူငယ်လူရွယ်တွေနဲ့ နေ့စဉ်ထိတွေ့ ပြီး လက်ပွန်းတတီး နေခဲ့တာကြောင့်ပါ။ လူငယ်တွေဟာ သတ္တိရှိတယ်။ စွန့်စားရဲတယ်။ ဒါပေမဲ့ အဖော်လိုတယ်။ အဖော်မရှိ၊ တစ်ဦးတည်းဆိုရင် လူငယ်မို့ အားငယ်တတ်ပါတယ်။ အားကိုးရာ မျှော်တတ်ပါတယ်။ အားမာန် ကဗျာလေးတွေဟာ အဖော်ကောင်း ဖြစ်ပါတယ်။ ကိုယ်ငယ်ငယ်က "ငါ၏ ဦးခေါင်းသည် သွေးခြင်းခြင်း နီရဲနေပါစေ၊ ငါကား ဦးမညွှတ်" (My head is bloody but unbowed) ဆိုတဲ့ ကဗျာကို စွဲလမ်းနှစ်ခြိုက်ခဲ့သလို ခုခေတ် လူငယ်လေးတွေလည်း နှစ်ခြိုက်ခဲ့ကြတာပါပဲ။

ဆရာတစ်ယောက်အနေနဲ့ လူငယ်လေးတွေကို လေ့ကျင့်သင်ကြား ပေးရာမှာ တစ်နာရီလောက်ကြာအောင် လက်ချာတွေ ရိုက်နေတာမျိုးထက် ကဗျာတစ်ပုဒ်၊ သီချင်းတစ်ပုဒ်နဲ့ ပြောပြတာမျိုးကို လူငယ်တွေ ပိုပြီးနှစ်ခြိုက် တတ်တာ တွေ့ရတယ်။ အင်္ဂလိပ်ကဗျာတစ်ပုဒ်လုံးကို အလွတ်မရကြပေမဲ့ (My head is bloody but unbowed) ဆိုတဲ့ စာကြောင်းလေးကိုတော့ တတွတ်တွတ် ရွတ်နေတတ်ကြပါတယ်။ ဒီစာကြောင်းလေးကို ရွတ်နေခြင်း အားဖြင့် တစ်ခါတစ်ခါ ဖြစ်ပေါ်လာတတ်တဲ့ အားငယ်စိတ်၊ ရွံ့စိတ်၊ ကြောက် စိတ်၊ အငံ့စိတ်တွေ ပြေလျော့သွားစေနိုင်ပါတယ်။ အဲဒါကြောင့် အားမာန် ကဗျာလေးကို လက်ဆောင်ပေးလိုက်တာပါ။

ဘဝမှာ စိတ်ညစ်စရာတစ်ခုခု၊ ဖြေရှင်းဖို့ခက်ခဲနေတဲ့ ပြဿနာ တစ်ခုခု ကြုံတွေ့ရတဲ့အခါမျိုးမှာ စိတ်ဓာတ်တက်ကြွစေတဲ့ ကဗျာလေးတွေ၊ စာလေးတွေဖတ်တာ အကောင်းဆုံးဖြစ်ပါတယ်။ တချို့က သူငယ်ချင်း တွေနဲ့ ပျော်စရာ ပါးစရာတွေ ပြောတာ၊ ရုပ်ရှင်ကြည့်တာ၊ လျှောက်လည် တာမျိုးတွေ လုပ်လေ့ရှိတယ်။ သူငယ်ချင်းတွေနဲ့ ပျော်မြူးနေဆဲမှာ မေ့မေ့ ပျောက်ပျောက်ရှိပေမဲ့ တစ်ယောက်တည်းကျန်တဲ့အချိန် ပြန်ရောက်တော့

mgyoe.com

mgyoe.com


သတိပြန်ရပြီး စိတ်ညစ်ရတာပါပဲ။

စိတ်ဓာတ်ခွန်အားရှိစေတဲ့ ကဗျာတွေ၊ စာတွေကျတော့ ဖတ်ရင်း ဖတ်ရင်းနဲ့ စိတ်ညစ် စိတ်ရှုပ်ဖြစ်နေရင် စိတ်ဓာတ်ခွန်အားရှိစေတဲ့ ကဗျာတစ်အုပ်၊ ဝတ္ထုတစ်အုပ်ကို ဆွဲပြီးဖတ်ကြည့်လိုက်ပါ။ စိတ်ညစ်တာတွေ၊ စိတ်အားငယ်တာတွေ ချက်ချင်း ပျောက်သွားပါလိမ့်မယ်လို့ အာမခံလိုက်ပါရစေ။

ရွှေမင်း၊ ဒီဇင်ဘာ၊ ၂၀၀၅

❖

mgyoe.com

mgyoe.com

# အတိတ်ကိုပြန်ကြည့် အနာဂတ်ကိုမျှော်ကြည့် အိပ်မက်တွေ ရဲရဲမက်

စာနယ်ဇင်းလောကထဲ ဝင်ရောက်လာကြတဲ့ လူငယ် လုံမလေးတွေနဲ့ အမြဲလိုလို ထိတွေ့ ဆက်ဆံနေရပါတယ်။ စာမူတောင်းဖို့ လာကြသလို ထွေရာလေးပါး စကားစမြည်ပြောချင်လို့ လာကြတာလည်း ရှိတယ်။ ထိတွေ့မိသလောက် ပြောရရင် ဒီခေတ်ကလေးတွေ တော်တော်ကို ကြိုးစားနေကြတယ်လို့ ဆိုနိုင်တယ်။ ဂျာနယ်၊ မဂ္ဂဇင်းတိုက်ကပေးတဲ့ တာဝန်တွေ လုပ်ကိုင်ရင်း သူတို့ လက်လှမ်းမီသလောက် လေ့လာလို့ရတဲ့ အရာမှန်သမျှကိုလည်း ကြိုးစားပမ်းစား လေ့လာနေကြတာ တွေ့ရတယ်။

## သမိုင်းကို သိချင်ကြ

လူငယ်တွေ ရောက်လာကြတဲ့အခါမှာ နေထိုင်ကောင်းနေတာလည်း တွေ့မယ်၊ ညှိုးငယ်နေတာလည်းတွေ့မယ်ဆိုရင် သူတို့မေးချင်တာလေးတွေ မေးလေ့ရှိတယ်။ အများအားဖြင့်တော့ သူတို့ မသိ မမီလိုက်တဲ့ ပြည်တွင်းစစ်ဖြစ်ရတဲ့အကြောင်းလို၊ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲရတဲ့အကြောင်းလို၊ ဖဆပလနဲ့ ကွန်မြူနစ်ပါတီ ကွဲရတဲ့အကြောင်းလို၊ ဂျပန်နဲ့သွားပြီး ပူးပေါင်းတဲ့အကြောင်းလို အတိတ်ဖြစ်ရပ်တွေကို မေးတတ်ကြတယ်။ လူငယ်တွေ အတိတ်သမိုင်းကို စိတ်ဝင်စားတာ အင်မတန်ကောင်းတယ်။ သမိုင်းကို

mgyoe.com

mgyoe.com


လေ့လာပြီး ယူသင့်ယူထိုက်တဲ့ သင်ခန်းစာထုတ်ယူနိုင်မှ ပစ္စုပ္ပန်မှာ အမှားနည်းနိုင်သမျှနည်းအောင် လုပ်ဆောင်နိုင်မှာဖြစ်တယ်။ အတိတ်ဆိုတာ ပစ်ပယ်လို့မရသလို ပြည်ဖုံးကားချထားချင်လို့လည်း မရပါဘူး။ အတိတ်ကြောင်းကြောင့် ပစ္စုပ္ပန်ဖြစ်လာရသလို ပစ္စုပ္ပန်အပေါ် မူတည်ပြီး အနာဂတ်ဆိုတာ ပေါ်ပေါက်လာရမှာ ဖြစ်တယ်။

## လူငယ်ဆိုတာ အိပ်မက်မက်ရမယ်

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလသုံးပါးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေသလို အပြန်အလှန် အမှီသဟဲပြုနေကြတာလည်း ဖြစ်တယ်။ ဒီကွင်းဆက်ကို ဖြတ်ပစ်လို့မရပါဘူး။ လူငယ်တွေဟာ အတိတ်ကို လေ့လာသင့်သလို အနာဂတ်ကိုလည်း မျှော်ကြည့်ပြီး အိပ်မက်တွေမက်နေရမှာ ဖြစ်တယ်။ စိတ်ကူးမယဉ်တတ်၊ အိပ်မက် မမက်တတ်ရင် လူငယ်လို့ မခေါ်ချင်ဘူး။ ဒါကြောင့် လူငယ်တွေ အတိတ်လေ့လာတာကို ကူညီသလို အနာဂတ်အတွက် အိပ်မက်တွေ မက်ကြတာကိုလည်း အားပေးပါတယ်။ ဒီလိုကူညီရင်း၊ အားပေးရင်းနဲ့ ဘာသွားတွေ့ရသလဲဆိုတော့ လူငယ်တွေ အတိတ်ကို လေ့လာပုံ လေ့လာနည်း မှားနေတာ ဖြစ်တယ်။ နောက်ပြီး အိပ်မက်မက်တာတောင်မှ ရဲရဲမမက်ရဲ ဖြစ်နေကြတာတွေလည်း တွေ့ရတယ်။ လေ့လာမှုပြုတာ ကောင်းတယ်ဆိုပေမဲ့ လေ့လာပုံလေ့လာနည်း မှားနေရင်တော့ အကျိုးမရှိရုံသာမက အန္တရာယ်တောင် ဖြစ်စေနိုင်ပါတယ်။

## အတ္ထုပ္ပတ္တိတွေမှား

ဒီခေတ်လူငယ်တွေ အတိတ်လေ့လာရာမှာ အများစုက နိုင်ငံရေးမှာ ပါဝင်ပတ်သက်ခဲ့ဖူးသူတွေရေးတဲ့ မှတ်တမ်းစာအုပ်နဲ့ အတ္ထုပ္ပတ္တိစာအုပ်တွေ၊ ကိုယ်ရေးမှတ်တမ်းဆိုတဲ့ စာအုပ်တွေ၊ ဖြတ်သန်းမှုအတွေ့အကြုံဆိုတဲ့ စာအုပ်မျိုးတွေကိုဖတ်ပြီး လေ့လာမှတ်သားကြတယ်။ တချို့က သမိုင်းနောက်ခံဝတ္ထုတွေဖတ်ပြီး သမိုင်းလို့ မှတ်ယူလိုက်ကြတယ်။ ဝတ္ထုနဲ့ သမိုင်းကို မခွဲခြားတတ်ကြဘူး။ အခုပြောခဲ့တဲ့ လေ့လာမှုအားလုံးဟာ စနစ်ကျ မှန်ကန်တဲ့ သမိုင်းလေ့လာမှု မဟုတ်ပါဘူး။ နိုင်ငံရေးမှာ ကိုယ်တိုင်ပါဝင်ပတ်သက်ခဲ့တဲ့

mgyoe.com

mgyoe.com


ပုဂ္ဂိုလ်တွေရေးတဲ့ ဖြတ်သန်းမှုအတွေ့အကြုံပဲဖြစ်ဖြစ်၊ ကိုယ်ရေးမှတ်တမ်းပဲဖြစ်ဖြစ်၊ အတ္ထုပ္ပတ္တိပဲဖြစ်ဖြစ်၊ စစ်တမ်းဆိုတာပဲဖြစ်ဖြစ်၊ အဲဒီပုဂ္ဂိုလ်များဟာ ဘုရားရဟန္တာများ မဟုတ်ကြတဲ့အတွက် သူတို့ရဲ့ 'အတ္တနောမတိ' ဘယ်နည်းမှမကင်းနိုင်ပါဘူး။ ဘယ်ပြဿနာမှာမဆို "ငါပဲ မှန်တယ်၊ သူများတွေမှားတယ်" လို့ သုံးသပ်ကြတာပဲ များပါတယ်။ တချို့ဆို ကိုယ်ရည်သွေးလွန်းတာကြောင့် သူရေးသမျှ ယုံရခက်တယ် ဆိုတာမျိုးတွေတောင် ရှိပါတယ်။

## ခေတ်ပြိုင်တွေနဲ့ညှိ

အဲဒီလို လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရေးတဲ့ စာမျိုးကို ဘယ်သူရေးတာဖြစ်ဖြစ် အမှန်လို့ လက်မခံထားသင့်ဘူး။ ခေတ်ပြိုင် တခြားပုဂ္ဂိုလ်များရေးတဲ့ စာအုပ်တွေနဲ့ ညှိနှိုင်းတိုက်ဆိုင်စစ်ဆေးဖို့ လိုပါတယ်။ အနည်းဆုံး လူပုဂ္ဂိုလ် လေးငါးဦးရေးတဲ့ စာအုပ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီး အားလုံးတူညီတာမျိုးကိုမှ အမှန်လို့ယူဆသင့်တယ်။ သမိုင်းကို လေ့လာတဲ့အခါမှာ အမိန့်တော်ပြန်တမ်းတွေ၊ လွှတ်တော် ရုံးတော်မှတ်တမ်းတွေ၊ ကျောက်စာနဲ့ ပေပုရပိုက်တွေကို လေ့လာသလိုပဲ သမိုင်းမတင်ရသေးတဲ့ "လတ်တလော အတိတ်" ကို လေ့လာတဲ့အခါမှာလည်း ဆိုင်ရာဆိုင်ရာကိစ္စနဲ့ ပတ်သက်တဲ့ တရားဝင်အထောက်အထားတွေ၊ မှတ်တမ်းမှတ်ရာတွေကို လေ့လာရမှာ ဖြစ်တယ်။ ဒီလိုအထောက်အထားတွေ မရနိုင်ရင် အလွယ်ဆုံး လေ့လာနိုင်တာက နေ့စဉ်သတင်းစာတွေမှာပါတဲ့ သတင်းတွေထဲမှာ လေ့လာခြင်းဖြစ်တယ်။

## သတင်းက အခိုင်မာဆုံး

သတင်းစာထဲမှာပါတဲ့ သတင်းဆိုတာက ဖြစ်တာကို ဖြစ်တဲ့အတိုင်း တိတိကျကျ မှန်မှန်ကန်ကန် ရေးရတာဆိုတော့ စိတ်အချရဆုံး အထောက်အထားဖြစ်တယ်။ သတင်းစာထဲက ဆောင်းပါးတို့၊ သုံးသပ်ဝေဖန်ချက်တို့ ဆိုတာတောင် ရေးတဲ့သူရဲ့ ကိုယ်ပိုင်အမြင်သုံးသပ်ချက် 'အတ္တနောမတိ' ပါသေးတာကြောင့် သတင်းလောက် ခိုင်မာတဲ့အထောက်အထား မဖြစ်ပါဘူး။ သတင်းဆိုတာကျတော့ လက်ဝဲသတင်းစာဖြစ်ဖြစ်၊ လက်ယာသတင်း

mgyoe.com

mgyoe.com

စာဖြစ်ဖြစ် ဖြစ်တဲ့အတိုင်း၊ မြင်တဲ့အတိုင်း ရေးရတာဖြစ်လေတော့ အတ္တနောမတိတွေ ကင်းတယ်။ ဒါကြောင့် ယုံကြည်ထိုက်တဲ့အထောက်အထားလို့ ယုံကြည်စိတ်ချနိုင်တယ်။

## ရှာရင်တွေ့တယ်

"သတင်းစာများသည် သမိုင်းကိုပြောနေကြသည်" လို့ သတင်းစာဆရာ၊ စာရေးဆရာကြီး လူထုဦးလှက အဲဒါကြောင့် ပြောခဲ့တာဖြစ်တယ်။ သတင်းစာဟာ သမိုင်းကိုသာမဟုတ်ဘူး၊ လူတွေအကြောင်းကိုလည်း ပြောနေပါတယ်။ သတင်းစာထဲမှာ သတင်းအဖြစ် အမြဲပါနေတဲ့ လူတွေရဲ့ အကြောင်းကို အမှန်အတိုင်းသိအောင် သတင်းစာတွေက ပြောပြနိုင်ပါတယ်။ သတင်းဖန်တီးသူ (news maker)များရဲ့ အတ္ထုပ္ပတ္တိတွေ၊ မှတ်တမ်းတွေမှာမပါတဲ့ ဘဝအမှန်တွေကို သတင်းစာအဟောင်းတွေထဲ ပြန်ရှာကြည့်ပြီး သိနိုင်ပါတယ်။

## လူ့သဘာဝ

လူတွေဟာ အများအားဖြင့် သဘာဝအရကိုက လူအထင်ကြီးတာ ခံချင်တတ်ကြတယ်။ ဒါကြောင့် ဟိတ်ဟန်ထုတ်ပြီး ဝင့်ကြွားလေ့ရှိတယ်။ တချို့က ရှိတဲ့ဟိတ်ဟန်ထုတ်ပြတယ်။ တချို့ကျတော့ မရှိတဲ့ဟိတ်ဟန်ကို ရှိယောင်ဆောင် ထုတ်ပြတယ်။ တချို့ကျတော့ မျက်နှာပြောင်တိုက်ပြီးကို ဖြောင်လိမ်ဝင့်ကြွားတယ်။ လူ့သဘာဝမို့ လူတိုင်း အနည်းနဲ့အများ ရှိတတ်ကြတာ ဖြစ်ပေမဲ့ စီးပွားရေးလောကနဲ့ နိုင်ငံရေးလောကမှာ ပိုများတာ တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ အကျိုးအမြတ်က ပိုပြီးကြီးမားတာကိုး။ စီးပွားရေးသမားဆို သူဌေးသူကြွယ်ကြီး ဖြစ်သွားနိုင်တယ်။ နိုင်ငံရေးသမားဆို ရာထူးရာခံကြီးတွေ၊ အာဏာတွေရတဲ့အထိ ကြီးပွားသွားနိုင်ပါတယ်။ ဒါကြောင့် ဒီလူတွေရဲ့ စကားကို အထူးသတိထား ဆန်းစစ်သင့်တယ်။

mgyoe.com

mgyoe.com

## ရိုးသားသင့်တဲ့အရာ

လူတိုင်း ဘယ်သူမဆို သူ့အကြောင်း၊ သူ့အတ္ထုပ္ပတ္တိကို ရေးတဲ့အခါ စိတ်ကြိုက်ရေးခွင့် ရှိပါတယ်။ အကြွားသန်လည်း ကိစ္စမရှိဘူး။ ဖြောင်လိမ်လည်း ကိစ္စမရှိပါဘူး။ အလိမ်ပေါ်သွားလည်း သူပဲ ထိခိုက်မှာပါ။ မပေါ်လည်း ဘယ်သူမှမထိခိုက်ပါဘူး။ ဒါပေမဲ့ သူ့အကြောင်းနဲ့ဆက်နွှယ်ပြီး တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနဲ့ပတ်သက်တဲ့ကိစ္စများ ထည့်ပြီးရေးရင်တော့ မလိမ်သင့်ဘူး။ အကြွားမသန်သင့်ဘူး။ ရိုးသားဖြောင့်မတ်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ စာဖတ်သက်နုတဲ့ လူငယ်တွေက ဝတ္ထုနဲ့ သမိုင်း၊ အတ္ထုပ္ပတ္တိနဲ့ သမိုင်း ခွဲခြားမကြည့်တတ်ဘဲ ရောထွေးကြည့်တတ် မှတ်သားတတ်လို့ ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း ငယ်စဉ်က ဖတ်ခဲ့ရတဲ့ဝတ္ထုတွေ၊ မှတ်တမ်းတွေကို တကယ်ဖြစ်ရပ်မှန်တွေလို့ ယူဆပြီး ရေးသူတွေကို အထင်ကြီး ကိုးကွယ်မိခဲ့ဖူးပါတယ်။ ဝတ္ထုကို ဝတ္ထုလိုမဖတ်ဘဲ၊ ကိုယ်ရေးမှတ်တမ်းကို ကိုယ်ရေးမှတ်တမ်းလို မမှတ်ဘဲ သမိုင်းလို့ ထင်မှတ်ခဲ့၊ ဖတ်ခဲ့တာကိုး။

## ဒါပေမဲ့ကို ရှောင်

နောင် စာဖတ်သက်ရင့်ပြီး စာတွေ စုံသထက်စုံအောင် ဖတ်ဖူးတော့မှ စာရေးဆရာရဲ့ အတ္တနောမတိနဲ့ သမိုင်းဖြစ်ရပ်ကို ခွဲခြား သိမြင်နိုင်တော့တာ ဖြစ်ပါတယ်။ လူငယ်တွေကို ကိုယ့်လို မဖြစ်စေချင်တဲ့အတွက် လေ့လာမှု မမှားကြဖို့ သတိပေးရတာ ဖြစ်တယ်။ အတိတ်ကို လေ့လာပါ။ လေ့လာမှု မမှားအောင်တော့ သတိပြုပါ။ အနာဂတ်ကိုမျှော်မှန်းပြီး စိတ်ကူးယဉ် အိပ်မက်တွေလည်း မက်ပါ။ ကိုယ်မက်ချင်တဲ့ အိပ်မက်တွေကို ရဲရဲသာ မက်ပါ။ အိပ်မက်အထိတော့ လိုက်ပြီးချုပ်ထိန်းမနေပါနဲ့။ လွတ်လွတ်လပ်လပ် မက်လိုက်ပါ။ "ဖြစ်တော့ဖြစ်ချင်တာပေါ့၊ ဒါပေမဲ့" ဆိုတဲ့ စကားနဲ့ အိပ်မက်တွေကို ရပ်မပစ်လိုက်ပါနဲ့။ စိတ်ကူးယဉ်တယ်ဆိုတာ ရူးတာ မဟုတ်ပါဘူး။ တွေးတတ် ခေါ်တတ်လို့ စိတ်ကူးယဉ်တာပါ။ ခေါင်းထဲမှာ ဘာအတွေးအခေါ်မှ မရှိတဲ့လူမျိုးက စိတ်ကူးမယဉ်တတ်ဘူး။ အိပ်မက် မမက်တတ်ဘူး။ "ဖြစ်တော့ ဖြစ်ချင်တာပေါ့။ ဒါပေမဲ့ ဖြစ်လာမှာမဟုတ်လို့" ဆိုတဲ့စကား ဘယ်တော့မှမပြောပါနဲ့။ လောကမှာ မဖြစ်နိုင်တဲ့အရာ

mgyoe.com

mgyoe.com


ဘာတစ်ခုမှ မရှိပါဘူး။

## လူတိုင်း ဘုရားဖြစ်နိုင်တယ်

မြန်မာပြည်မှာမွေးတဲ့ မြန်မာလူမျိုးမှန်ရင် "ကြိုးစားက ဘုရားဖြစ်" ဆိုတဲ့စကား မကြားဖူးဘဲမနေပါဘူး။ ဗုဒ္ဓဘာသာအလိုအရ ဘုရားဆိုတာ ဘယ်သူကမှ ဖန်ဆင်းလိုက်တာမဟုတ်ဘူး။ မိုးပေါ်က ကျလာတာလည်း မဟုတ်ဘူး။ လူတွေထဲက ကြိုးစားအားထုတ်မှု၊ ပါရမီဖြည့်မှုတွေကြောင့် ဖြစ်လာခဲ့တာ။ 'ဂင်္ဂါဝါဠု သဲစုမက' ဆိုတဲ့အတိုင်း ဘုရားတွေ အများကြီး ရှိခဲ့၊ ပွင့်ခဲ့ကြတယ်။ လူသားမှန်သမျှ ဘယ်သူမဆို ဘုရားဖြစ်နိုင်တယ်။ ဒါနဲ့တောင် ဘာကြောင့်များ "မဖြစ်နိုင်လို့၊ ဖြစ်လာမှာမဟုတ်လို့" ဆိုတဲ့ စကားမျိုးတွေ ပြောနေရတာလဲ။ "မဖြစ်နိုင်ဘူး၊ စိတ်ကူးမယဉ်နဲ့" လို့ ပြောလေ့ရှိသူများဟာ အနာဂတ်မှာ မျှော်လင့်ချက်မရှိသူတွေသာ ဖြစ်ကြတယ်။ အလားတူပဲ "အတိတ်ကိုပြန်မကြည့်နဲ့၊ ပစ္စုပ္ပန်ကိုသာကြည့်လို့" ပြောတဲ့သူ တွေဟာလည်း အတိတ်မလှခဲ့သူတွေ ဖြစ်ကြတယ်။ အတိတ်က ပစ္စုပ္ပန်ကို မွေးဖွားခဲ့ပြီး ပစ္စုပ္ပန်က အနာဂတ်ကို ပုံသွင်းပေးလိုက်တာ ဖြစ်တယ်။

ဒါကို မေ့ထားလို့မရဘူး။ ဒါကြောင့် အတိတ်ကို စနစ်တကျ လေ့လာပြီး အနာဂတ်အိပ်မက်တွေ ရဲရဲမက်လိုက်ကြစမ်းပါလို့ လူငယ်တွေကို တိုက်တွန်း နှိုးဆော်လိုက်ချင်ပါတယ်။

ရန်ကုန်သစ်၊ အောက်တိုဘာ၊ ၂၀၀၉

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# အမျိုးသမီးနဲ့ ပညာသင်ကြားခွင့်

၁၆ ရာစု ကုန်ဆုံးချိန်အထိ အင်္ဂလန်နိုင်ငံမှာ အမျိုးသမီးတွေ ပညာသင်ကြားနိုင်ဖို့အတွက် တစ်ခုတည်းသောနေရာက ဘာသာရေးကျောင်းများသာဖြစ်ကြတယ်။ ဒါတောင်မှ အထက်တန်းလွှာ အခွင့်ထူးခံ လူတန်းစားက မိန်းကလေးတွေသာ တက်ရောက် သင်ကြားနိုင်တာပါ။ သင်ပြန်တော့လည်း အရေး၊ အဖတ် ကျွမ်းကျင်ဖို့လောက်သာ အဓိကထားပြီး အချိန်အများစုက အထက်တန်းလွှာ မိန်းကလေးများရဲ့ အပြောအဆို၊ အနေအထိုင်၊ ဇာထိုး ပန်းထိုးနဲ့ ဂီတတွေ သင်ကြားကြရပါတယ်။

၁၅၂၉ ခုမှာ အင္ဂမမြောက် ဟန်နရီဘုရင်က ဘာသာရေးကျောင်းတွေကို ပိတ်ပစ်လိုက်တော့ မိန်းကလေးတွေအတွက် ပညာသင်ကြားခွင့်လည်း လုံးဝ ရပ်ဆိုင်းသွားပါတော့တယ်။ အင်္ဂလန်နိုင်ငံမှာ မိန်းကလေးတွေ ပညာသင်ကြားဖို့ ရှေးဦးကြိုးစားခဲ့သူတွေထဲမှာ ယော့ရှိုင်းယားက ဗရင်ဂျီသီလရှင်မေရီဝဒ် (၁၅၈၅–၁၆၄၅) ဟာ ထင်ရှားပါတယ်။ အင်္ဂလန်မှာ ဘာသာရေးကျောင်းတွေ ဖွင့်ခွင့်မရတော့ မေရီဝဒ်ဟာ နယ်သာလန်နိုင်ငံကို သွားပြီး ၁၆၁၆ ခုနှစ်မှာ ကွန်ဗင့်ကျောင်းတစ်ကျောင်း တည်ထောင် ဖွင့်လှစ်ခဲ့ပါတယ်။

အဲဒီကမှတစ်ဆင့် မေရီဝဒ်ဟာ ဥရောပနိုင်ငံတွေ အတော်များများမှာ ကွန်ဗင့်ကျောင်းတွေ လိုက်ဖွင့်ပါတယ်။ သူ တည်ထောင်တဲ့ ကွန်ဗင့်ကျောင်း

mgyoe.com

mgyoe.com

တွေမှာ လက်တင်ဘာသာ၊ ဂရိဘာသာတို့အပြင် သင်္ချာ၊ ပထဝီ၊ နက္ခတ္တ ဗေဒပညာ စတာတွေပါ သင်ပေးပါတယ်။ မိန်းကလေးများအတွက်ဆိုတော့ ဂီတတို့၊ အချုပ်အလုပ်၊ ဇာထိုး ပန်းထိုးတို့လည်း ပါတာပေါ့။

ဥရောပမှာ ကွန်ဗင့်ကျောင်းတွေ လိုက်ဖွင့်ရင်း တစ်ကြိမ်မှာ အင်္ဂလန်နိုင်ငံကို အလည်အပတ် ပြန်သွားပါတယ်။ ရောက်တာနဲ့ မေရီ့ကိုဖမ်းပြီး အကျဉ်းချထားပါတယ်။ အဲဒီနောက် ဂျာမနီမှာ တစ်ကြိမ် အဖမ်းခံရပါသေးတယ်။ အတော်ကြာအောင် ထောင်ထဲမှာနေခဲ့ရပါတယ်။ ၁၆၃၁ ခုနှစ်ရောက်တော့ ဗရင်ဂျီ ရဟန်းမင်းကြီးက အမိန့်ဒီဂရီထုတ်ပြန်ပြီး မေရီကို ဗရင်ဂျီဘာသာမှာ မလိုလားအပ်သူတစ်ဦးအဖြစ် ကြေညာပါတယ်။ သူ့ကွန်ဗင့်ကျောင်းအားလုံးကိုလည်း ပိတ်ပစ်လိုက်ပါတယ်။

ဥရောပမှာ ကျောင်းဖွင့်ခွင့်မရတော့ မေရီဟာ အင်္ဂလန်ကို ပြန်ခဲ့ပါတယ်။ ပြန်ရောက်ပြီးတော့လည်း မေရီက ငြိမ်မနေပါဘူး။ ကွန်ဗင့်ကျောင်းတစ်ကျောင်းဖွင့်ဖို့ ကြိုးစားပါတယ်။ ကျောင်းဖွင့်ခါနီးဆဲဆဲမှာ ၁၆၄၂ ခုနှစ်၊ ပြည်တွင်းစစ်ကြီးဖြစ်တာနဲ့ မဖွင့်လိုက်ရတော့ပါဘူး။ ၁၆၄၅ ခုမှာ မေရီဝဒ် ကွယ်လွန်သွားရှာပါတယ်။

၁၈ ရာစုလောက် ရောက်တဲ့အခါကျတော့ အထက်တန်းလွှာက မိန်းကလေးတွေကို အိမ်မှာ (Governess) လို့ခေါ်တဲ့ နည်းပြဆရာမ ထားပြီး လေ့ကျင့်သင်ကြားပေးတာ ခေတ်စားလာပါတယ်။ ဒါပေမဲ့ နည်းပြဆရာမတွေကိုယ်တိုင်က သိပ်ပြီးပညာတတ်လှတာ မဟုတ်ကြလေတော့ အရေး၊ အဖတ်နဲ့ အချုပ်အလုပ်၊ ဇာထိုးပန်းထိုးရယ်၊ လူမှုရေးရယ်လောက်သာ သင်နိုင်ကြပါတယ်။ နာမည်ကျော် စာရေးဆရာမ Charlotte Bronte လည်း နည်းပြဆရာမ လုပ်ခဲ့ပါသေးတယ်။ ၁၈ ရာစုထဲမှာ ဆရာ၊ ဆရာမတွေက အိမ်မှာ ကျောင်းသားလက်ခံပြီး သင်ကြားပေးတဲ့ ကိုယ်ပိုင်ကျောင်းကလေးတွေ ရှိနေပါပြီ။ အဲဒီ ကိုယ်ပိုင်ကျောင်းတွေမှာ မိန်းကလေးတွေ တက်ရောက် ပညာသင်ကြားနေတာတွေလည်း ရှိနေပါပြီ။ ဒါပေမဲ့ အခြေခံအဆင့်လောက်အထိသာ သင်ကြားနိုင်ကြပါတယ်။

၁၉ ရာစုအလယ်လောက် ရောက်တဲ့အခါမှာ ဖွဲနပဲ ကြီးလှတဲ့ အမျိုးသမီးနှစ်ဦး ပေါ်ထွက်လာပါတယ်။ ဖရန်စစ်မေရီဘတ်စ် (၁၈၂၇–၁၈၉၄)

mgyoe.com

နဲ့ ဒေါ်ရသီဘီးလ် (၁၈၃၁–၁၉၀၆) တို့ ဖြစ်ကြပါတယ်။

ဖရန်စစ်မေရီဘတ်စ်ရဲ့ မိခင်က ကိုယ်ပိုင်ကျောင်း ထောင်ထားတဲ့ ဆရာမ ဖြစ်ပါတယ်။ အဲဒါကြောင့် ဖရန်စစ် ၁၄ နှစ်သမီးကတည်းက အမေ့ကျောင်းမှာ အကူဆရာမလေးအဖြစ် လုပ်ရပါတယ်။ လုပ်ရင်းနဲ့ ဆရာမအလုပ်ကို နှစ်သက်သွားပြီး ဖရန်စစ်ဟာ တစ်သက်လုံး ဆရာမလုပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ အဲဒီလိုဆုံးဖြတ်ပြီးတာနဲ့ ၁၈၄၈ ခုနှစ်မှာ စတင်ဖွင့်လှစ်တဲ့ ပထမဆုံးအမျိုးသမီးကောလိပ် "ဘုရင်မ ကောလိပ်" ကို သွားတက်ပါတယ်။ နှစ်နှစ် သင်ကြားပြီးတဲ့အခါမှာ လန်ဒန် မြောက်ပိုင်းမှာရှိတဲ့ ကမ်ဒင်းမြို့ကလေးမှာ ဖရန်စစ်က ကိုယ်ပိုင်ကျောင်း ထောင်ပါတယ်။ သူ့ကျောင်းမှာ ဆရာ၊ ဆရာမ လုပ်မယ့်သူအားလုံး သင်တန်းတက်ရပါတယ်။ စဖွင့်စမှာ ကျောင်းသူ ၃၅ ဦးသာရှိရာက နှစ်မကုန်မီ ၁၁၅ ဦးအထိ တိုးလာပါတယ်။ ဖရန်စစ် တည်ထောင်တဲ့ကျောင်းဟာ အရည်အချင်းပြည့်ဝတဲ့ သင်တန်းဆင်း ဆရာ၊ ဆရာမတွေ သင်ကြားပေးတဲ့ကျောင်းလို့ တကယ်ခေါ်နိုင်တဲ့ ပထမဆုံးကျောင်း ဖြစ်ပါတယ်။ ဖရန်စစ်ရဲ့ကျောင်းမှာ လူတန်းစားမျိုးစုံ တက်ရောက်သင်ကြားကြပါတယ်။ အထက်တန်းလွှာက မဟုတ်ကြသူတွေ တက်ရောက်သင်ကြားနိုင်အောင် သူက ကျောင်းလခကို နည်းနည်းပဲယူပါတယ်။

ဖရန်စစ်နဲ့ ခေတ်ပြိုင်ကျောင်းကတော့ ကျောင်းလခများများယူလို့ အထက်တန်းလွှာက မိန်းကလေးတွေချည်း တက်နိုင်ကြတဲ့ ဒေါ်ရသီဘီးလ်ရဲ့ ကျောင်းပါ။ ဒေါ်ရသီကလည်း ဖရန်စစ်လိုပဲ ဆရာ၊ ဆရာမမှန်သမျှ သင်တန်းတက်ဖူးမှ ခန့်ပါတယ်။ ဒေါ်ရသီရဲ့ကျောင်းက ကျောင်းအိပ်၊ ကျောင်းစားနေရတဲ့ကျောင်းပါ။ အင်္ဂလန်နိုင်ငံရဲ့ ပထမဆုံးသော ကျောင်းအိပ်၊ ကျောင်းစားကျောင်း ဖြစ်ပါတယ်။

၁၈၇၀ ပြည့်နှစ်လောက်ရောက်တော့ အစိုးရကိုယ်တိုင်က ပညာရေးကို အားပေးနေပါပြီ။ အဲဒီ ၁၈၇၀ ပြည့်နှစ်တစ်ဝိုက်မှာ လွှတ်တော်က ပညာရေးဆိုင်ရာ အက်ဥပဒေတွေ အမျိုးမျိုးထုတ်ပြန်ပြီး အသက် ၅ နှစ်မှ ၁၀ နှစ်အတွင်း ကလေးငယ်တွေ ပညာမသင်မနေရ သတ်မှတ်လိုက်ပါတယ်။

mgyoe.com

mgyoe.com

၁၆ ရာစုလောက်ကစပြီး အမျိုးသမီးတွေ ပညာသင်ကြားခွင့် ရဖို့ အမျိုးမျိုး ကြိုးစားခဲ့ကြရပါတယ်။ ၁၈၄၈ ခုနှစ်လောက်ကျမှ ဘုရင်မကောလိပ် ဖွင့်ခဲ့ရတာဖြစ်ပေမဲ့ ခပ်စောစောကတည်းက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပညာသင်ကြား ဆည်းပူးခဲ့ကြတဲ့ အမျိုးသမီး ထူးချွန်သူတွေ ပေါ်ထွက်နေပါပြီ။

Bathsua Makin (၁၆၀၈–၁၆၇၅) ဟာ ချားလ်ဘုရင့်သမီးများကို စာသင်ကြားပေးရတဲ့ ကျူတာပါ။ ၁၆၇၃ ခုနှစ်မှာ အမျိုးသမီး ပညာသင်ကြားရေးနဲ့ပတ်သက်ပြီး ပထမဆုံးလေ့လာမှုဖြစ်တဲ့ အက်ဆေးတစ်ပုဒ် ရေးခဲ့ပါတယ်။ Elizabeth Elstob (၁၆၈၃–၁၇၅၆) ကတော့ ပညာရှင်တစ်ယောက် ဖြစ်အောင်လုပ်မည်လို့ ဆုံးဖြတ်ပြီးကြိုးစားခဲ့တာပါ။ အင်္ဂလို–ဆက်ဇွန်သမိုင်းနဲ့ ဘာသာစကားမှာ ကျွမ်းကျင်သူပညာရှင်အဖြစ် အလေးစားခံရပါတယ်။ Catherine Macaulay (၁၇၃၁–၁၇၉၁)ကတော့ အင်္ဂလန်နိုင်ငံရဲ့ ပထမဆုံးသော အမျိုးသမီးသမိုင်းပညာရှင်အဖြစ် သတ်မှတ်ခံရသူပါ။ ၁၇၆၃ ခုနှစ်မှာ 'အင်္ဂလန်နိုင်ငံသမိုင်း' ဆိုတဲ့ အတွဲရှစ်တွဲရှိတဲ့ စာအုပ်ကြီးပြုစုရေးသားနိုင်ခဲ့ပါတယ်။

၁၇၆၀ ပြည့်နှစ်မှာတော့ ပညာရှင်အမျိုးသမီးများရဲ့ ပထမဆုံးအသင်းဖြစ်တဲ့ Blue Stocking Society ဆိုတာ ပေါ်ပေါက်လာပါတယ်။ အယ်လီဇဘတ်မွန်တေဂူ၊ အယ်လီဇဘက်ကာတာနဲ့ ဟန်နာမိုးတို့ဟာ ထင်ရှားတဲ့ ဦးဆောင်သူတွေပါ။ ဒီအသင်းက ပညာရပ်ဆိုင်ရာကိစ္စတွေကို အမျိုးသမီးပညာရှင်တွေကိုယ်တိုင် ဟောပြောတာတို့၊ ဆွေးနွေးတာတို့ မှန်မှန်လုပ်ပါတယ်။

၁၈၄၈ ခုနှစ်မှာ အမျိုးသမီးများအတွက် ပထမဆုံးကောလိပ်ဖြစ်တဲ့ ဘုရင်မကောလိပ်ဖွင့်တော့ ကျောင်းသူ ၂၀၀ လောက် တက်ကြပါတယ်။ ၁၈၄၉ ခုနှစ်ရောက်တော့ ဘက်ဒ်ဖို့ကောလိပ် ထပ်ပြီးပေါ်လာပါတယ်။ ဘက်ဒ်ဖို့ကောလိပ်ကို အုပ်ချုပ်ရေးဂေါပကအဖွဲ့တွေ ဘာတွေဖွဲ့ပြီး စနစ်တကျ ခေတ်မီမီ စီမံအုပ်ချုပ်ခဲ့တာပါ။

ဘုရင်မကောလိပ်နဲ့ ဘက်ဒ်ဖို့ကောလိပ်တို့ဟာ အမျိုးသမီးတွေက တည်ထောင်တဲ့ မိန်းကလေးကျောင်းတွေပါ။ အဲဒီအချိန်မှာ ရှိနေကြတဲ့

mgyoe.com

mgyoe.com


တက္ကသိုလ်တွေ၊ ကောလိပ်တွေမှာ မိန်းကလေးတွေကို လက်မခံသေးပါဘူး။

ကိန်းဘရစ်တက္ကသိုလ်က ၁၈၈၁ ခုနှစ်ကျမှ မိန်းကလေးကျောင်းသူတွေကို လက်ခံပါတယ်။ အောက်စဖို့ဒ်ကတော့ ၁၈၈၄ ခုနှစ်ကျမှ လက်ခံပါတယ်။

လက်ခံရုံ လက်ခံတာပါ။ မိန်းကလေးတွေကို ဘွဲ့မပေးပါဘူး။ အောက်စဖို့ဒ်က ၁၉၂၀ ပြည့်နှစ်ကျမှ မိန်းကလေးတွေကို ဘွဲ့ပေးပြီး ကိန်းဘရစ်ကတော့ ၁၉၂၃ ခုနှစ်ကျမှ ဘွဲ့ပေးပါတယ်။

ပထမဆုံး တက္ကသိုလ်မှာ ဆရာဖြစ်တဲ့ အမျိုးသမီးက Margaret Murray ပါ။ ၁၈၉၈ ခုနှစ်မှာ စဖြစ်ပါတယ်။ Jane Harrison (၁၈၅၀–၁၉၂၈) က ပထမဆုံး အမျိုးသမီးကထိက ဖြစ်တဲ့သူပါ။ ကိန်းဘရစ်မှာ ရှေးဟောင်းသုတေသနပညာရပ် သင်ကြားပို့ချပါတယ်။

ပထမဆုံး အမျိုးသမီးပါမောက္ခ ဖြစ်သူက Caroline Spurgeon (၁၈၆၉–၁၉၄၂) ဖြစ်ပါတယ်။ ၁၉၃၁ ခုနှစ်မှာ လန်ဒန်တက္ကသိုလ် အင်္ဂလိပ်စာပေဌာနမှာ ပါမောက္ခ စဖြစ်ပါတယ်။ ပါမောက္ခ Lillian Penson က ၁၉၄၈ ခု၊ ဇွန်လမှာ လန်ဒန်တက္ကသိုလ်ရဲ့ ဒုတိယအဓိပတိ ဖြစ်လာပါတယ်။ ပထမဆုံးအမျိုးသမီး ဒုတိယအဓိပတိ ဖြစ်ပါတယ်။

မြားနတ်မောင်၊ အောက်တိုဘာ၊ ၁၉၉၉

❖

mgyoe.com

mgyoe.com

## ပထမ အမျိုးသမီး သတင်းစာဆရာများ

အင်္ဂလန်နိုင်ငံရဲ့ ပထမဆုံးအမျိုးသမီး သတင်းစာဆရာအဖြစ် မေရီ မန်းလေး (Mary de La Riviere Manley)၁၆၆၃–၁၇၂၄ ကို သတ်မှတ်ကြပါတယ်။

မေရီက ၁၇၀၉ ခုနှစ်မှာ ကလောင်နာမည် မစ္စစ်ခရက်ကင်သော့ (Mrs. Cracken Thorpe) နဲ့ (The Female Tatler) ဆိုတဲ့ တစ်ပတ်တစ်ကြိမ်ထုတ် သတင်းစာကို တည်းဖြတ်ထုတ်ဝေခဲ့တာပါ။

မေရီဟာ အချစ်ရေးနဲ့ အိမ်ထောင်ရေး ကံခေသူတစ်ဦး ဖြစ်ပါတယ်။ ခပ်ငယ်ငယ်မှာ မောင်နှမဝမ်းကွဲတော်သူတစ်ယောက်နဲ့ လက်ထပ်ခဲ့ပါတယ်။ လက်ထပ်ပြီးခါမှ သူ့ခင်ပွန်းမှာ မယားကြီးတန်းလန်းရှိနေတယ် ဆိုတာကို သိလိုက်ရပါတယ်။

အရှက်တကွဲနဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရချိန်မှာ ကလိဗ်လန်းနယ်စားကတော်ကြီးက ခေါ်ယူစောင့်ရှောက်ထားပါတယ်။ အဲဒီအချိန်မှာ နယ်စားကတော်ကြီးရဲ့သားနဲ့ ရည်ငံမိလေတဲ့အတွက် နယ်စားကတော်ကြီးရဲ့ အရိပ်အာဝါသအောက်က ထွက်ခဲ့ရပြန်ပါတယ်။ အိမ်ထောင်ရေးမှာ ကံဆိုး၊ အချစ်ရေးမှာ ကံခေဖြစ်ခဲ့ရတဲ့ မေရီဟာ သူ့ရင်ထဲက ခံစားချက်တွေကို စာရွက်ပေါ်မှာ ရေးချရင်းနဲ့ စာရေးဆရာမတစ်ဦးအဖြစ် ရောက်သွားပါတယ်။ ၁၆၉၀ ပြည့်နှစ် နှောင်းပိုင်းကာလများမှာ မေရီရဲ့ ပြဇာတ်စာအုပ်

mgyoe.com

mgyoe.com


နှစ်အုပ် ပေါ်ထွက်လာခဲ့ပါတယ်။

၁၇၀၉ ခုနှစ်မှာ ထုတ်ဝေလိုက်တဲ့ (The New Atlantis) ဆိုတဲ့ စာအုပ်ကတော့ မေရီကို အထူးနာမည်ကြီးသွားစေခဲ့ပါတယ်။ အဲဒီစာအုပ်က အတွင်းရေးတွေကို ဖော်ထုတ်ဖွင့်ချတဲ့ စာအုပ်ဖြစ်လေတော့ သက်ဆိုင်ရာ ကာယကံရှင်များက မေရီကို အသရေဖျက်မှုနဲ့ တရားစွဲပါတယ်။ မေရီက အီတလီက စာအုပ်တစ်အုပ်ကို ဘာသာပြန်တာပါလို့ ထုချေပါတယ်။ ဒါပေမဲ့ စာအုပ်ထဲမှာက အင်္ဂလိပ်အထက်တန်းလွှာက လူကြီးလူကောင်းတွေရဲ့ အကျင့်ပျက်မှုတွေ၊ တိတ်တိတ်ပုန်းဖောက်ပြန်မှုတွေကို ဖော်ထုတ်ဖွင့်ချထားတာ ဖြစ်လေတော့ ဖတ်သူတိုင်းက ဘယ်သူဘယ်ဝါတွေကို ရည်ညွှန်းတယ်ဆိုတာ သိနေကြပါတယ်။ တရားရုံးက မေရီ အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ထောင်ဒဏ်ခုနစ်ရက် အပြစ်ပေးလိုက်ပါတယ်။

ပြစ်ဒဏ်ကျခံပြီးတဲ့နောက်မှာ မေရီက The Female Tatler ကို ထုတ်ဝေတာပါ။ သူ့သတင်းစာက တိုရီပါတီကို လိုလားတဲ့ဝါဒရှိပြီး နိုင်ငံရေးလောကထဲက လူတွေရဲ့ အကျင့်ပျက်မှုတွေကို ဖော်ထုတ်ဖွင့်ချပါတယ်။ မေရီရဲ့ ဖော်ထုတ်ဖွင့်ချမှုတွေဟာ အင်္ဂလိပ်အထက်တန်းလွှာတွေနဲ့ နိုင်ငံရေးလောကသားတွေကို အထိတ်တလန့် ဖြစ်စေလောက်အောင်ကို စူးရှ ထိရောက်မှုရှိလေတော့ မေရီကို အသရေဖျက်မှုနဲ့ တရားစွဲမယ်တကဲကဲ ဖြစ်နေကြပါတော့တယ်။ ဘက်ပေါင်းစုံက ဝိုင်းပြီးလည်း ဖိအားပေးကြပါတယ်။ နောက်ဆုံးတော့ တစ်ကိုယ်တော်သူရဲကောင်း မေရီကပဲ အရှုံးပေးပြီး သတင်းစာလုပ်ငန်းကို ရပ်ဆိုင်းလိုက်ရပါတော့တယ်။

အင်္ဂလိပ်သတင်းစာလောကမှာ ပထမဆုံးအမျိုးသမီး သတင်းဆောင်းပါးရှင်အဖြစ် ခန့်အပ်ခံရသူက အယ်လီဇာလင်းလင်တန် (၁၈၂၂–၁၈၉၈) ဖြစ်ပါတယ်။ 'မောနင်းခရော်နီကယ်' သတင်းစာက တစ်လကို ဂီနီ ၂၀ ပေးပြီး ခန့်ခဲ့တာပါ။ အယ်လီဇာဟာ ကလေးဘဝကတည်းက စာဖတ်ဝါသနာကြီးပြီး တစ်နေ့နေ့မှာ စာရေးဆရာလုပ်မယ်လို့ ရည်မှန်းချက်ထားခဲ့ပြီး ၁၃ နှစ် သမီးလောက်ကတည်းက စာရေးကျင့်ခဲ့ပါတယ်။ အသက် ၂၃ နှစ်မှာ လန်ဒန်ကို ပြောင်းရွှေ့နေထိုင်ပြီး 'Azeth, The Egyptian' ဆိုတဲ့ ပထမဆုံးဝတ္ထုစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါတယ်။

mgyoe.com

mgyoe.com


ဒုတိယမြောက်ဝတ္ထုကို ရေးဖို့ပြင်ဆင်နေဆဲမှာပဲ ဆောင်းပါးတစ်ပုဒ် ရေးပြီး 'မောနင်းခရော်နီကယ်' သတင်းစာတိုက်ကို ပို့လိုက်တော့ အယ်ဒီတာက သဘောကျပြီး ရွေးလိုက်ပါတယ်။ နောက်တော့ အယ်ဒီတာအဖွဲ့က အယ်လီဇာရဲ့ အစွမ်းအစကိုသိတာနဲ့ ဂီနီ ၂၀ ပေးပြီး သတင်းဆောင်းပါးနဲ့ ဝေဖန်ချက်တွေ ရေးစေပါတယ်။ 'မောနင်းခရော်နီကယ်' မှာ ပထမဆုံး အမျိုးသမီး သတင်းဆောင်းပါးရှင်အဖြစ်လုပ်တော့ အယ်လီဇာရဲ့ အသက်ဟာ အစိတ်ကျော်ရုံလေးပဲ ရှိသေးတယ်။ ၁၈၆၆ ခုနှစ်ရောက်တော့ 'Saturday Review' သတင်းစာမှာ ပင်တိုင်ဆောင်းပါးတွေ ရေးပါတယ်။ အဲဒီဆောင်းပါးတွေက အမျိုးသမီးအခွင့်အရေး ကြွေးကြော်သူတွေကို ဆန့်ကျင်တိုက်ခိုက်တဲ့ ဆောင်းပါးတွေပါ။ အယ်လီဇာက ကိုယ်တိုင် ပထမဆုံး အမျိုးသမီးသတင်းဆောင်းပါးရေးသူ တစ်ဦးဖြစ်အောင် ကြိုးစားလာခဲ့ရသူ ဖြစ်ပေမဲ့ မိန်းမပီသရမယ်ဆိုတဲ့ ရှေးရိုးစွဲစိတ်ဓာတ်ရှိသူ တစ်ဦးဖြစ်ပါတယ်။ မိန်းကလေးတွေ နှုတ်ခမ်းနီဆိုး၊ မိတ်ကပ်လိမ်းတာ၊ စကတ်တိုဝတ်တာတွေကိုလည်း သူက ရှုတ်ချဝေဖန်ပါတယ်။

သတင်းစာဆရာတစ်ယောက်အဖြစ် အသက်ထက်ဆုံးလုပ်ကိုင်ရင်း ဝတ္ထုတွေလည်း ရေးပါတယ်။ ၁၈၉၈ ခုနှစ်မှာ သူ ကွယ်လွန်တော့ ဝတ္ထုရှည် ၃၅ အုပ် ရေးသား ထုတ်ဝေထားနိုင်ခဲ့ပါတယ်။

ပထမဆုံး အင်္ဂလိပ်အမျိုးသမီး နိုင်ငံခြားသတင်းထောက် ဖြစ်ခဲ့သူက ဖလော်ရာရှော(Flora Shaw,၁၈၅၂–၁၉၂၉)ပါ။ ၁၈၈၈ ခုနှစ်မှာ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံခြားသတင်းထောက်အဖြစ် Pall Mall Gazette သတင်းစာအတွက် စပြီးလုပ်ခဲ့တာပါ။ ၁၈၉၂ ခုနှစ်ကျတော့ နာမည်ကျော်တိုင်းသတင်းစာတိုက်ကြီးရဲ့ ပထမဆုံးဝန်ထမ်း အမျိုးသမီး သတင်းထောက်အဖြစ် ခန့်အပ်ခြင်းခံရပါတယ်။ အင်္ဂလိပ်လက်အောက်ခံ ကိုလိုနီနယ်ပယ်များအပြင် တောင်အာဖရိက၊ ကနေဒါ၊ ဩစတြေးလျနဲ့ နယူးဇီလန် နိုင်ငံများကိုပါ တာဝန်ပေးခြင်း ခံခဲ့ရပါတယ်။ ၁၉၀၂ ခုနှစ် ရောက်တော့ လော့ဒ်လူးဂတ်နဲ့ လက်ထပ်လိုက်ပြီး သတင်းစာလုပ်ငန်းကို စွန့်ခွာသွားပါတယ်။

အင်္ဂလန်နိုင်ငံရဲ့ ပထမဆုံး အမျိုးသမီးကိုယ်တိုင် ထုတ်ဝေတဲ့ အမျိုးသမီးမဂ္ဂဇင်းက ၁၇၄၅ ခုနှစ်မှာ ပေါ်ထွက်လာတဲ့(The Female Spectator)

mgyoe.com

mgyoe.com


ပါ။ အယ်လီဇာဟေးဝပ် (၁၆၉၃–၁၇၅၆) က အယ်ဒီတာလုပ်ပြီး တစ်လတစ်ကြိမ် ထုတ်ဝေပါတယ်။ စာမျက်နှာ ၇၀ ရှိပြီး သရုပ်ဖော်ပုံတွေ မပါဘဲ စာတွေချည်း စီထည့်ထားတာပါ။ အဲဒီခေတ်က မဂ္ဂဇင်းများ ထုံးစံအတိုင်း အကျင့်စာရိတ္တကောင်းမွန်ဖို့၊ ကြိုးစားဖို့၊ ပညာပေးဖို့ စာတွေကို အဓိကထား ထည့်သွင်းပါတယ်။ ထူးခြားတာကတော့ အမျိုးသမီးများ သိပ္ပံပညာလိုက်စားဖို့ တိုက်တွန်းနှိုးဆော်ပြီး သင်္ချာ၊ ပထဝီနဲ့ အတွေးအခေါ်ဆိုင်ရာ စာများ ထည့်သွင်းထားပါတယ်။

ပထမဆုံး တနင်္ဂနွေ သတင်းစာကိုတော့ ၁၇၇၉ ခုနှစ်မှာ မစ္စစ်ဂျွန်ဆင်က တည်းဖြတ်ထုတ်ဝေခဲ့ပါတယ်။ (British Gazette and Sunday Monitor) လို့ အမည်ပေးထားပြီး နေ့စဉ်ထုတ် သတင်းစာတွေမှာ ပါနေကျသတင်းနဲ့ နိုင်ငံခြားသတင်းတွေအပြင် 'တစ်ပတ်အတွင်း အထူးဆုံးသတင်း'ဆိုတဲ့ ကဏ္ဍတစ်ခုထည့်ပြီး လှုပ်လှုပ်ရှားရှားအဖြစ်ဆုံး သတင်းတွေကို စုစည်းတင်ပြပါတယ်။ သတင်းရဲ့နောက်ကျောဖုံးမှာ 'စာကြွင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ နောက်ဆုံးရရှိတဲ့ သတင်းထူးများကို အနှစ်ချုပ် ဖော်ပြခဲ့ပါတယ်။ အဲဒါဟာ နောက်ပိုင်းသတင်းစာလောကမှာ 'စက်ရပ်သတင်း' လို့ခေါ်တဲ့ သတင်းမျိုးရဲ့ ရှေ့ပြေးပဲ ဖြစ်ပါတယ်။

အဲဒီအချိန်က အင်္ဂလန်နိုင်ငံမှာ ဘာသာရေးဩဇာ လွှမ်းမိုးလေတော့ တနင်္ဂနွေနေ့မှာ အလုပ်တွေရပ်နားရပါတယ်။ သတင်းစာများလည်း ထုတ်ဝေ ရောင်းချခြင်း မပြုရပါဘူး။ ဥပဒေနဲ့ တားမြစ်ထားပါတယ်။ မစ္စစ်ဂျွန်ဆင်က သူ့သတင်းစာမှာ ဘာသာရေးဆိုင်ရာ စာတစ်ပုဒ်ကို ရှေ့တန်းတင်ပြီး ဘာသာရေးအတွက်ထုတ်ဝေတာ ဖြစ်တယ်လို့ ဝိနည်းလွတ်လုပ်ပြီး ထုတ်ဝေခဲ့ရပါတယ်။ သူ့သတင်းစာဟာ တစ်ပတ်မှာ စောင်ရေ ၄၀၀၀ ထုတ်ဝေရပါတယ်။ ၁၈ နှစ်လုံးလုံး မစ္စစ်ဂျွန်ဆင်ဟာ အယ်ဒီတာလုပ်ပြီး သတင်းစာကို တည်းဖြတ်ထုတ်ဝေခဲ့ပြီး သူ အနားယူတော့ သားဖြစ်သူက ဦးစီးထုတ်ဝေပါတယ်။ သူ့သားလက်ထက်ကျတော့ သတင်းစာရဲ့အမည်ကိုလည်း 'ဂျွန်ဆင်၏ ဆန်းဒေးမော်နီတာ' လို့ ပြောင်းလိုက်ပါတယ်။

အင်္ဂလန်နိုင်ငံရဲ့ ပထမဆုံးလူမည်းသတင်းစာကို ၁၉၅၈ ခုနှစ်မှာ ကလော်ဒီယာဂျုံး (၁၉၁၅–၁၉၆၄) က ထုတ်ဝေခဲ့ပါတယ်။ ကလော်ဒီယာ

mgyoe.com

mgyoe.com

ကို ထရီနီဒက်နိုင်ငံမှာ မွေးဖွားခဲ့ပါတယ်။ ကိုးနှစ်သမီးမှာ အမေရိကန်ကို ပြောင်းရွှေ့ပြီး နယူးယောက်မှာ နေပါတယ်။ မျှော်လင့်ချက်တွေအပြည့်နဲ့ ဘဝသစ်စဖို့ အမေရိကန်ကို ပြောင်းရွှေ့ခဲ့ကြတာဖြစ်ပေမဲ့ နဖူးတွေ့၊ ဒူးတွေ့ ကြုံရတဲ့အခါကျတော့ အသားရောင်ခွဲခြားမှုတွေအောက်မှာ ဆင်းရဲမွဲတေစွာ နေခဲ့ရပါတယ်။ ရောက်ပြီး လေးနှစ်မပြည့်မီမှာပဲ ကလော်ဒီယာရဲ့ မိခင်ဟာ ငတ်ငတ်ပြတ်ပြတ်နဲ့ သေဆုံးသွားခဲ့ပါတော့တယ်။ နာကြည်းမှုတွေအပြည့်နဲ့ ကလော်ဒီယာဟာ အသားရောင်ခွဲခြားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုတွေမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ အဲဒါကြောင့် သူ အဖမ်းခံရပြီး ပြည်နှင် ဒဏ်ပေးခံရပါတယ်။

၁၉၅၅ ခုနှစ်မှာ ကလော်ဒီယာ ဗြိတိန်နိုင်ငံကို ရောက်လာပါတယ်။ ဗြိတိန်နိုင်ငံကို ရောက်ကတည်းက အသားရောင်ခွဲခြားမှု တိုက်ဖျက်ရေး လုပ်ငန်းတွေမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားပါတယ်။ ၁၉၅၈ ခုနှစ်မှာ ပထမဆုံး လူမည်းသတင်းစာ (West Indian Gazette)ကို ထုတ်ဝေပြီး လူမည်းများ စည်းလုံးညီညွတ်ရေးကို လှုံ့ဆော်ပါတယ်။

ကလော်ဒီယာဟာ ဥရောပနိုင်ငံတွေမှာ လူမည်းများကို ဒုတိယတန်းစား လူသားအဖြစ် သဘောထားပြီး ခွဲခြားဖိနှိပ်တာတွေ ပပျောက်ဖို့ အပြင်းအထန် ကြိုးစားပါတယ်။ သူ့သတင်းစာကနေပြီး အသားရောင်ခွဲခြားမှုတိုက်ဖျက်ရေးကို ဦးတည်ဆောင်ရွက်ပါတယ်။ ကလော်ဒီယာရဲ့ ဆောင်ရွက်ချက်တွေကို အင်္ဂလိပ်အစိုးရ ထောက်ခံအားပေးပါတယ်။ အသားရောင်ခွဲခြားမှု ပပျောက်ရေးအတွက် အစိုးရရဲ့ဆောင်ရွက်ချက်တွေကို ကလော်ဒီယာ ပါဝင်ကူညီဖို့ ဖိတ်ကြားခြင်း ပြုခဲ့ပါတယ်။

၁၉၆၄ ခုနှစ်မှာ နိုင်ငံတကာအသားရောင် ခွဲခြားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုရေစီးကြောင်းမှာ ကလောင်နဲ့ တက်တက်ကြွကြွ ပါဝင်တိုက်ခိုက်ခဲ့တဲ့ လူမည်းအမျိုးသမီးကြီး ကလော်ဒီယာဂျုံး ကွယ်လွန်ခဲ့ပါတယ်။ သူ့ရုပ်ကလာပ်ကို လန်ဒန်မြို့၊ ဟိုက်ဂိတ် ပန်းခြံကြီးထဲမှာရှိတဲ့ မတ်ဝါဒရဲ့ ဖခင်ကြီး ကားလမတ်ရဲ့ ဂူဗိမာန်ဘေးမှာ မြှုပ်နှံသင်္ဂြိုဟ်ပြီး အင်္ဂလိပ်အစိုးရက ဂုဏ်ပြုခဲ့ပါတယ်။

မြားနတ်မောင်၊ နိုဝင်ဘာ၊ ၁၉၉၉

❖

mgyoe.com

mgyoe.com



## စာနယ်ဇင်းသမားရဲ့ စာဖတ်နည်း

**Talkathon စကားမာရသွန်**

ကျောင်းသား – အမယ် ဆရာက တယ်ဟုတ်ပါလား၊ အချစ်ဂျာနယ်တွေ ဘာတွေ ဖတ်လို့။

ဆရာ – အချစ်ဂျာနယ်တင် မဟုတ်ပါဘူးကွယ်။ မနက်တိုင်း ဂျာနယ်ပေါင်းစုံ ဖတ်နေကျပါ။ တွေ့တယ်မဟုတ်လား။ ဒီမှာ ပေါ်ပြူလာတို့၊ ဖလားဝါးတို့၊ အလင်းတန်းတို့လည်း ပါပါတယ်။ ရွှေမန္တလေးတောင် ပါသေးရဲ့။

ကျောင်းသား – နေ့တိုင်း ဖတ်နေတာပဲလား။

ဆရာ – ဖတ်ရသပေါ့ကွယ်။ ကိုယ်က ဂျာနယ်တွေရော၊ မဂ္ဂဇင်းတွေမှာပါ အစုံရေးနေတာ မဟုတ်လား။ သိသင့် သိထိုက်တာ မှန်သမျှ သိနေအောင် ဖတ်ရတာပေါ့။ ဒါနဲ့နေပါဦး။ ဒါလောက် တအံ့တသြဖြစ်နေတာ မောင်က ဂျာနယ်တွေ မဖတ်လို့လား။

ကျောင်းသား – ကြုံသလိုတော့ ဖတ်ပါတယ်။ ဆရာ့လိုတော့ နေ့တိုင်း အားလုံးလိုက်မဖတ်နိုင်ပါဘူး။ အချိန်လည်း မပေးနိုင်ဘူး။ ပိုက်ဆံလည်းမတတ်နိုင်ဘူး ဆရာရဲ့။ ဂျာနယ်တွေက ၁၀၀ မက ထွက်နေတာ။ ပြီးတော့ ဈေးက

mgyoe.com

mgyoe.com


လည်း မသေးဘူး။ အားလုံးက ကွာလတီ ဖြစ်ကုန်ကြပြီ။ ကိုယ့်ပိုက်ဆံအိတ်တစ်ခုပဲ ကွာလတီ မဖြစ်တာ။ နောက်ပြီးတော့ ဂျာနယ်အားလုံးလိုလိုမှာပါတဲ့ သတင်းတွေက အတူတူလိုချည့်ဖြစ်နေတာ ဆရာရဲ့။ တစ်စောင်ဖတ်လိုက်ရင် လုံလောက်နေပါပြီ။

ဆရာ – မောင်တို့ကိုယ်တိုင်က ဂျာနယ်လစ် နာမည်ခံထားပြီး ဂျာနယ်တွေ စုံအောင်မဖတ်ဘူးဆိုတာ သိပ်တော့မဟုတ်လှသေးဘူးကွဲ့။ စာနယ်ဇင်းသမားဆိုတာ ရိုးရိုးစာဖတ်သူလို မဟုတ်ဘူး။ ကြိုက်၊ မကြိုက် ရွေးချယ်လို့ မရဘူး။ ကြိုက်လည်း ဖတ်ရမှာပဲ။ မကြိုက်လည်း ဖတ်ရမှာပဲ။ ရိုးရိုးစာဖတ်သူက မကြိုက်ရင် မဖတ်နဲ့၊ ဘာမှမဖြစ်ဘူး။ စာနယ်ဇင်းသမားကတော့ အကုန်ဖတ်ရမှာပဲ။ အစုံမဖတ်ဘဲနဲ့ စာနယ်ဇင်းသမား လူတော် တစ်ယောက် မဖြစ်နိုင်ဘူး။

ကျောင်းသား – အရည်မရ အဖတ်မရတွေက များနေလို့ မဖတ်ဖြစ်တာပါ။

ဆရာ – အဲဒီ အရည်မရ အဖတ်မရတာလည်း ပညာတော့ ရနိုင်တယ်ကွဲ့။

ကျောင်းသား – ဘယ်လိုရနိုင်တာလဲ ဆရာ။

ဆရာ – ဘာကြောင့် အရည်မရ အဖတ်မရ ဖြစ်ရတာလဲ။ အကြောင်းအရာက မကောင်းလို့လား။ အရေးအသားက မကောင်းလို့လားဆိုတာ သုံးသပ် ဝေဖန်ကြည့်ရင်း ပညာယူနိုင်တာပေါ့ကွယ်။ မဖတ်သင့်၊ မဖတ်အပ်တဲ့ စာဆိုတာ မရှိပါဘူး။ ဖတ်တဲ့သူအပေါ်မှာပဲ အားလုံးမူတည်ပါတယ်။ ကြည့်တတ်၊ မြင်တတ်၊ ဖတ်တတ်၊ ယူတတ်ရင် ဘယ်စာမျိုးကမဆို ပညာရနိုင်ပါတယ်။

ကျောင်းသား – မဂ္ဂဇင်းတွေလည်း စုံအောင်ဖတ်တာပဲလား။

ဆရာ – ဖတ်ရတာပေါ့ကွယ်။ အပျိုစင်တို့၊ ဖက်ရှင်တို့ဖတ်သလို

mgyoe.com

ဂမ္ဘီရတို့၊ မှုခင်းတို့လည်း ဖတ်ရတာပေါ့။ အတွေးအမြင် တို့၊ စံပယ်ဖြူတို့၊ The Waves တို့လည်း ဖတ်ရတာပေါ့။

ကျောင်းသား – ကျွန်တော်တို့က အဲဒါလောက် အချိန်မပေးနိုင်ဘူး ခင်ဗျ။

ဆရာ – ကိုရင်လေးက ဂျာနယ်လစ်ဆို။ ဂျာနယ်လစ်မှာ စာရေးတာနဲ့ စာဖတ်တာကလွဲပြီး ဘာလုပ်စရာ ရှိသေးလို့လဲ။

ကျောင်းသား – ဆရာက မသိလို့ခင်ဗျ။ အရောင်းမြှင့်တင်ရေးပွဲ သွားရတာတို့၊ ကံစမ်းမဲနှိုက်ပေးရတာတို့၊ ကန်တော့ပွဲပေး ပွဲတက်ရတာတို့နဲ့ တစ်နေ့လုံး ပြေးလွှားနေရတာ ဆရာရဲ့။

ဆရာ – ဒီလိုဆိုရင် ဂျာနယ်လစ် မလုပ်ဘဲ လူမှုဆက်ဆံရေး လုပ်ငန်း (Public Relation) လုပ်ပါလားကွဲ့။ အဲဒါက ကြီးပွားနိုင်တယ်။

ကျောင်းသား – ဂျာနယ်လစ်အလုပ်လည်း PR အလုပ်ပဲမဟုတ်ဘူးလား။

ဆရာ – လုံးဝ လုံးဝကို မဟုတ်ပါဘူး။ ဂျာနယ်လစ် ဆိုတာက သတင်းသမား၊ စာဖတ်သူတွေအတွက် သတင်းတွေ လိုက်လံရှာဖွေ စုံစမ်းပြီးပေးရတာ။ မင်းသား၊ မင်းသမီး အကြောင်း၊ မော်ဒယ်အကြောင်း မရေးရဘူး မဟုတ်ပါဘူး။ သတင်းဖြစ်လာရင် ရေးရမှာပေါ့။ သတင်းမဟုတ်ဘဲ ကြော်ငြာကို သတင်းလုပ်ရေးတာမျိုးသာ မလုပ်အပ်တာပါ။ မင်းသမီး၊ မင်းသားသစ်ကို စင်တင်ပေးတာ၊ ကုမ္ပဏီသစ် ပစ္စည်းသစ်ကို ကြော်ငြာပေးတာ၊ ကံစမ်းမဲနှိုက်ပေးတာ ဆိုတာမျိုးတွေက သတင်းသမားရဲ့အလုပ် မဟုတ်ဘူး။ လုပ်ငန်းရှင်တို့၊ ပွဲစားအေးဂျင့်တို့၊ ကြော်ငြာကုမ္ပဏီတွေရဲ့ အလုပ်။

ကျောင်းသား – ရှေးက စာနယ်ဇင်းတွေလည်း ရုပ်ရှင်သတင်းတွေ ကန်တော့ပွဲ ပေးတာတွေ ထည့်ကြတာပဲမဟုတ်လား။

mgyoe.com

mgyoe.com

ဆရာ – ဟုတ်တယ် ထည့်ပါတယ်။ သတင်းကို ထည့်ပါတယ်။ ကြော်ငြာကို သတင်းယောင်ဆောင် ထည့်တာမျိုးတော့ မလုပ်ပါဘူး။ ရှေးက ရန်ကုန်မှာ သောကြာနေ့ဆိုရင် ရုပ်ရှင်ကားသစ်တွေလဲနေကျပါ။ ဒီတော့ ကြာသပတေးထုတ် သတင်းစာတွေ အားလုံးလိုလိုက ရုပ်ရှင်သတင်းကို တစ်မျက်နှာ အပြည့်ပေးပြီး ထည့်ကြပါတယ်။ ဓာတ်ပုံတွေ ဝေဝေဆာဆာနဲ့ပေါ့။ ကန်တော့ပွဲပေးရင်လည်း ဘယ်ကားကို ဘယ်ဒါရိုက်တာက ဘယ်မင်းသား၊ ဘယ်မင်းသမီးတွေနဲ့ ရိုက်ကူးတယ်ဆိုတဲ့ သတင်း ရေးပါတယ်။ ဒါက ရုပ်ရှင်ပရိသတ်အတွက် သတင်းစာက ဖြည့်ဆည်းပေးတာပဲ။ ရုပ်ရှင်ကုမ္ပဏီတွေကို ကြော်ငြာပေးတာမဟုတ်ဘူး။ ကြော်ငြာက ကြော်ငြာပဲ။ သတင်းက သတင်းပဲ၊ မတူပါဘူး။

ကျောင်းသား – ကြော်ငြာနဲ့ သတင်း မတူတာကို ဘယ်လို ခွဲခြားသိနိုင်သလဲ ခင်ဗျ။

ဆရာ – စာဖတ်ပရိသတ်က မညံ့ပါဘူးကွဲ့။ ခွဲခြားသိမြင်နိုင်စွမ်းရှိပါတယ်။ ဒို့ (တို့) စာဖတ်ပရိသတ်ကို မောင်တို့အထင်မသေးနဲ့နော်။ စာတစ်ပုဒ်ဖတ်လိုက်တာနဲ့ ဒါက သတင်းပဲ။ ဒါက ကြော်ငြာပဲဆိုတာ တန်းသိတယ်။ သတင်းမှာတောင် ဒါက ရိုးရိုးသတင်း၊ ဒါက လုပ်စားသတင်းဆိုတာ တပ်အပ်ပြောနိုင်တယ်။

ကျောင်းသား – ခက်တာက ဆရာရယ်၊ ကျွန်တော်တို့မှာက ပြေးလွှားလှုပ်ရှားနေရတာတွေ များလွန်းတော့ အေးအေးဆေးဆေး စာဖတ်ဖို့ကို အချိန်မပေးနိုင်ဘူး ဖြစ်နေတယ်။

ဆရာ – ဂျာနယ်၊ မဂ္ဂဇင်းလောက်ကိုတောင် မဖတ်နိုင်အောင် အလုပ်များတယ်ဆိုတဲ့ ဆင်ခြေမျိုးကိုတော့ ဆရာ လက်မခံဘူး။ အေးအေးဆေးဆေး အချိန်ပေးဖတ်ရတဲ့ ဝတ္ထုစာအုပ်၊ ကဗျာစာအုပ်တွေ မဖတ်နိုင်တာတော့ လက်ခံ

mgyoe.com

mgyoe.com


ပါတယ်။ အဲဒါတွေက စဉ်းစဉ်းစားစားဖတ်ရတဲ့ စာတွေကို။

ကျောင်းသား – မနက်တိုင်း ဂျာနယ်တွေဖတ်တာ အချိန် ဘယ်လောက်ပေးရလဲ ခင်ဗျာ။

ဆရာ – ဂျာနယ် ၁၀ စောင်လောက်ဖတ်တာ အလွန်ဆုံး နာရီဝက်လောက်ပါပဲ။

ကျောင်းသား – ဆရာက စာဖတ်မြန်လို့ နေမှာပေါ့။

ဆရာ – စာနယ်ဇင်းသမား ဆိုတာ စာဖတ်မြန်အောင် အလေ့အကျင့် လုပ်ထားရသကွဲ့။ ပြီးတော့ ဂျာနယ်၊ မဂ္ဂဇင်းဆိုတာက သိရုံသိဖို့ ဖတ်တာပဲ။ စဉ်းစားပြီး အရသာခံနေဖို့မှ မဟုတ်တာ။ ဒီတော့ မျက်စိခလုတ်တိုက်နီးပါး အပြေးအလွှား ဖတ်သွားလိုက်ရင် နာရီဝက်အတွင်း ၁၀ စောင်လောက် ဖတ်လို့ပြီးပါတယ်။ အရသာခံဖို့ဖတ်တဲ့ တစ်မျက်နှာစာ ကဗျာတစ်ပုဒ်ဖတ်ရင်သာ တစ်နာရီ ကြာချင် ကြာမယ်။ သတင်းစာ၊ ဂျာနယ် ဖတ်တာကတော့ နာရီဝက်အတွင်း အကုန်ဖတ်ပြီးပါတယ်။

ကျောင်းသား – ကျွန်တော်ဆိုရင်တော့ အတော်အကျင့်ယူရမှာပဲ။

ဆရာ – ရိုးရိုးစာဖတ်ပရိသတ် ဖတ်နည်းနဲ့ သတင်းစာသမား ဖတ်နည်းက မတူကြဘူးကွဲ့။ သတင်းစာသမားက သိရုံသက်သက် ဖတ်တာ။ စာဖတ်ပရိသတ်ကတော့ ဖတ်လိုက်၊ စဉ်းစားလိုက်၊ ပဟေဠိတွေ ဖြေကြည့်လိုက်နဲ့ ဖတ်ရတာလေ။ ကိုရင်က ဂျာနယ်လစ်ပဲ။ ဂျာနယ်လစ် ဖတ်နည်းနဲ့ ဖတ်ပေါ့။ ဘယ်သူတွေ ဘာရေးတယ် ဆိုတာ သိရင် ပြီးတာပဲ။ စာများများဖတ်ဖို့က စာနယ်ဇင်းသမားအတွက် သိပ်ကိုအရေးကြီးတယ်နော်။

ချယ်ရီ၊ မတ်၊ ၂၀၀၇

❖

mgyoe.com

mgyoe.com

# စာနယ်ဇင်း မော်နီတာ ရှိသင့်ပြီလား

ခုတစ်လောကလေးမှာ ဂျာနယ်မဂ္ဂဇင်းတွေ တစ်စောင်နဲ့ တစ်စောင် ကိုယ့်ပေါင် ကိုယ်လှန်ထောင်းကြတဲ့ ကိစ္စများနဲ့ပတ်သက်ပြီး ပြောဆိုငြင်းခုံနေကြတဲ့ အသံတွေ တော်တော်လေး ကျယ်ကျယ်လောင်လောင် ကြားနေရပါတယ်။ သတိထားပြီး နားထောင်ကြည့်၊ ဖတ်ရှုလေ့လာကြည့်လိုက်တော့ တော်တော်လေး စိတ်မကောင်းစရာတွေပါလားဆိုတာ တွေ့နေရပါတယ်။

ကြည့်လေ၊ မော်ဒယ်လ် ပေါက်စလေးက ဂျာနယ်သမားတွေကို စည်းစောင့်ဖို့ သတိပေးတာနဲ့၊ ဂျာနယ်သမားက အရက်နံ့တထောင်းထောင်းနဲ့ မင်းသမီးကို သွားဗျူးရတာနဲ့၊ ရုပ်ရှင်ဆရာက ဂျာနယ်ဆရာတွေ စာနယ်ဇင်းကျင့်ဝတ်ထိန်းဖို့ ဝင်ပြောရတာနဲ့၊ ဂျာနယ်သမားအချင်းချင်း ထိုးရကြိတ်ရတာနဲ့၊ လူကြီးက လူငယ်ကို စိန်ခေါ်ရတာနဲ့၊ လူငယ်က လူကြီးကို နားရွက်သွား တံတွေးဆွတ်ရတာနဲ့၊ ဒီအကိုင်းကြီးရှိလို့ တို့လောင်းရိပ်မိနေတာဆိုပြီး နတ်နေကိုင်းတက်ချိုင်တာနဲ့၊ မျက်နှာဖုံးပုံပါဖို့ ဘယ်လောက်ပေးရမယ်ဆိုပြီး လာဘ်တောင်းရတာနဲ့၊ ကြော်ငြာခပေးရင် သတင်းကောင်းကောင်းရေးမယ် ဆိုပြီး အပေးအယူလုပ်ရတာနဲ့ မဖွယ်မရာ ကိစ္စတွေချည်း တွေ့နေရတယ်။

ကြားရတာတွေ မဟုတ်ပါဘူး။ တွေ့ရတာတွေပါ။ ဂျာနယ်၊ မဂ္ဂဇင်းတွေထဲ ရေးထားတာတွေကို တွေ့ရတာပါ။ ခုရေးပြတာတွေက နမူနာ

mgyoe.com

mgyoe.com


လောက်ပါ။ တွေ့ရသမျှတွေသာ တန်းစီရေးမယ်ဆိုရင်တော့ တစ်ထောင့် တစ်ည ရေးရမယ့်ကိန်းပဲ။

စာနယ်ဇင်းဆိုတာ တိုင်းပြည်ရဲ့ နားမျက်စိပါ။ ပြည်ကြီးပခုံး၊ ပြည်ကြီး လက်ရုံးပါ။ စတုတ္ထမဏ္ဍိုင်ကြီးပါ။ နိုင်ငံရဲ့မဏ္ဍိုင်ကြီးလေးတိုင်အနက် ဘယ်မဏ္ဍိုင်ဖြစ်ဖြစ် တစ်ခုယိုင်နဲ့သွားတာနဲ့ နိုင်ငံဆိုတဲ့ အဆောက်အအုံကြီး ရွဲ့စောင်းသွားမယ့် အန္တရာယ်ရှိပါတယ်။ အဲဒါကြောင့် မဏ္ဍိုင်ကြီးတွေ မယိုင်မနဲ့စေဖို့ အထူးသတိထားရပါမယ်။

စာနယ်ဇင်းလုပ်ငန်းဟာ ပေါ်ဦးစခေတ်ဦးတုန်းက လူမှုဝန်ထမ်း လုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ခဲ့တာဖြစ်ပေမဲ့လို့ စီးပွားရေးအခေတ်ကြီးထဲမှာ သူလည်း တဖြည်းဖြည်းနဲ့ အင်မတန်ကြီးမားတဲ့ စီးပွားရေး လုပ်ငန်းကြီးတစ်ခုအဖြစ် ရောက်ရှိသွားပါတော့တယ်။ စီးပွားရေးလုပ်ငန်းရဲ့ သဘာဝက အမြတ်အစွန်းရရှိရေး ဖြစ်လေတော့ အမြတ်ရဖို့အတွက် ဘယ်နည်းနဲ့ရရ လုပ်ရမယ်ဆိုတဲ့ စိတ်ဓာတ်မျိုး ဝင်လာကြတာမျိုးတွေလည်း ရှိပါတယ်။

အဲဒီစိတ်မျိုးကြောင့် စာနယ်ဇင်းကျင့်ဝတ်သိက္ခာ ပျက်ယွင်းတာမျိုးတွေ ဖြစ်ပေါ်လာရပါတယ်။ သိပ်ပြီး လွန်လွန်ကဲကဲ ဖြစ်လာပြီး သတင်းစာဖတ် ပြည်သူလူထုကိုယ်တိုင်က အပြင်းအထန် ဝေဖန်တာတွေ ပြုလာကြတဲ့ အခါမှာ စာနယ်ဇင်းသမားတွေကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ထိန်းကွပ်ဖို့ လိုအပ်လာပြီဖြစ်ကြောင်း သဘောရပြီး အစိအစစ် အထိန်းအကွပ် လုပ်ဖို့ စိစစ်လာကြပါတယ်။

မူလကတော့ သတင်းစာတိုက်တွေ တစ်တိုက်ချင်း စစ်ဆေးထိန်း ကွပ်ရေး တာဝန်ခံများထားပြီး သတင်းစာထဲက အမှားအယွင်း၊ အချွတ် အချော်တွေ၊ စာဖတ်ပရိသတ်ရဲ့ တိုင်တန်းမှုတွေကို စိစစ်ပြီး သက်ဆိုင်ရာ အယ်ဒီတာတွေ၊ သတင်းထောက်တွေကို ထောက်ပြဝေဖန် သတိပေးတာမျိုး လုပ်ပါတယ်။ နောက်တော့ တစ်ဆင့်တက်ပြီး သတင်းစာတစ်တိုက်ချင်းက စစ်ဆေး ထိန်းကွပ်ရေးမှူးများရဲ့အဖွဲ့ ဖွဲ့စည်းပြီး တစ်နိုင်ငံလုံးက သတင်း စာများကို ထိန်းကွပ်ပါတယ်။ တချို့နိုင်ငံများမှာတော့ အစိုးရကိုယ်တိုင်က စာနယ်ဇင်းထိန်းကွပ်ရေးမှူးကို ခန့်ထားပေးပါတယ်။ သူ့တာဝန်က စာနယ်

mgyoe.com

mgyoe.com

ဇင်းတွေ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ခြင်းများကို သတိပေးဖို့၊ တားဆီးဖို့၊ စာဖတ်ပရိသတ်ရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်ပါတယ်။

အဲဒီလို အထိန်းအကွပ် ပြုလုပ်တဲ့သူများကို သတင်းစာလောကမှာ Watchdog လို့ ခေါ်ပါတယ်။ တိုက်ရိုက်ဘာသာပြန်လိုက်ရင်တော့ ရင့်သီးလှပါတယ်။ ကာကွယ်စောင့်ကြပ်တဲ့တာဝန်ကို ယူထားသူဖြစ်လို့ ဒီလို ခေါ်ကြတာပါ။ ဒီပုဂ္ဂိုလ်ရဲ့ တရားဝင်ပေးထားတဲ့အမည်ကတော့ Ombudsman ဖြစ်ပါတယ်။ ကာကွယ်စောင့်ရှောက်သူ၊ အထိန်းအကွပ်လုပ်သူ ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။

၁၉၈၂ ခု၊ မေလ ၁၀ ရက်က ၁၃ ရက်နေ့အထိ အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ်၊ လူးဝစ်ဗီးလ်မြို့မှာ နိုင်ငံပေါင်းစုံက ထိန်းကွပ်ရေးသမားတွေ တက်ရောက်ကြတဲ့ ညီလာခံကြီးတစ်ခု ကျင်းပခဲ့ပါတယ်။ ညီလာခံကြီးက ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက်တွေထဲမှာ "စာနယ်ဇင်းထိန်းကွပ်ရေးမှူးသည် လွတ်လပ်သောသူ ဖြစ်ရမည်။ လွတ်လပ်မှုသည် အမှန်တကယ် စစ်မှန်သောလွတ်လပ်မှု ဖြစ်ရမည်။ သတင်းဌာန အကြီးအကဲ တစ်ဦးတည်းကိုသာ တာဝန်ခံဆောင်ရွက်ရမည်" လို့ ဆိုတဲ့ အချက်တစ်ချက် ပါဝင်ပါတယ်။ သဘောကတော့ စာနယ်ဇင်းထိန်းကွပ်ရေးမှူးဟာ ပိုင်ရှင်ရဲ့ ကိုယ်စားလှယ်မဟုတ်သလို အစိုးရရဲ့ ကိုယ်စားလှယ်လည်း မဟုတ်ဘူး။ သတင်းစာရဲ့ အာဏာပိုင်ဖြစ်တဲ့ အယ်ဒီတာချုပ်ကိုသာ တိုက်ရိုက် တာဝန်ခံရမယ်လို့ ဆိုထားတာ ဖြစ်ပါတယ်။

Organization Of News Ombudsman (ONO) လို့ ခေါ်တဲ့ နိုင်ငံတကာအဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌကတော့ ကနေဒါနိုင်ငံက မွန်ထရီဂေဇက် သတင်းစာရဲ့ တိုက်တွင်း Ombudsman က လယ်ရာဘဲလ်ဖိုး ဖြစ်ပါတယ်။ စာနယ်ဇင်းထိန်းကွပ်ရေးသမားရဲ့ တာဝန်နဲ့ပတ်သက်ပြီး ဘယ်လ်ဖိုး ပြောခဲ့တာက–

"စာနယ်ဇင်း ထိန်းကွပ်ရေးမှူးဟာ ကိုယ့်သတင်းစာရဲ့ သတင်းပေးပုံနဲ့ ဝေဖန်ထောက်ပြပုံများ မှန်ကန်တိကျပြီး မျှတမှု ရှိ၊ မရှိ အမြဲစစ်ဆေးနေရမယ်။ စာဖတ်ပရိသတ်ရဲ့ မှန်ကန်တဲ့ တိုင်တန်းမှုမှန်သမျှကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရမယ်။ ပြည်သူလူထု အကျိုးစီးပွားအတွက် ပိုမို

mgyoe.com

mgyoe.com


ထိရောက်တဲ့ ဝန်ဆောင်မှုများပေးနိုင်ဖို့ နည်းလမ်းများ တင်ပြ အကြံပေးရမယ်။ ဒါ့အပြင် 'အတွေး' နဲ့ 'အလုပ်' ဟူသော နယ်နိမိတ်တွင် ကင်းစောင့်အဖြစ် တာဝန်ယူနေရသော စာနယ်ဇင်းသမားများ၏ လုပ်ငန်းတိုးတက်အောင် ကူညီပေးရမယ်" ဆိုတာ ဖြစ်ပါတယ်။

အိုနို (ONO)ညီလာခံကြီးက ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်တွေ၊ လမ်းညွှန်ချက်တွေထဲက စာနယ်ဇင်း ထိန်းကွပ်ရေးမှူးရဲ့ တာဝန်နဲ့ပတ်သက်ပြီး ဖော်ပြထားတာကတော့–

၁။ သတင်းစာ၏ တရားမျှတမှု၊ တိကျမှု၊ တာဝန်ယူမှု တိုးတက်စေရန်။

၂။ သတင်းစာအပေါ် ယုံကြည်ကိုးစားမှု မြှင့်တင်ရန်။

၃။ ပြည်သူလူထုအတွင်းရှိ စိုးရိမ်မှုများ၊ ပြဿနာများကို အမြဲတစေ ဂရုစိုက်နေစေရန် စသဖြင့် ဖြစ်ပါတယ်။

တချို့ ဥရောပနိုင်ငံတွေမှာ စာနယ်ဇင်းထိန်းကွပ်ရေးမှူးကို အခွင့်အာဏာ အများကြီးအပ်နှင်းထားတာကို တွေ့ရပါတယ်။ သူ့ဆုံးဖြတ်ချက်၊ သတိပေးချက်တွေကို သတင်းစာတိုင်းက တလေးတစား လိုက်နာကြရပါတယ်။ သတိပေးချက်ကိုလည်း သတင်းစာမှာ ဖော်ပြပေးရပါတယ်။ စည်းကမ်းဖောက်ဖျက်သူကို ဒဏ်ရိုက်နိုင်ခွင့်အထိ ပေးထားပါတယ်။

စာဖတ်ပရိသတ်ရဲ့ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ဖို့၊ စာနယ်ဇင်းတွေ သိက္ခာရှိစေဖို့ သူတို့နိုင်ငံတွေမှာ ဘယ်လိုဆောင်ရွက်ကြတယ်ဆိုတာကို ဖောက်သည်ချလိုက်ပါပြီ။ ကျွန်တော်တို့ ဆင်ခြင်စဉ်းစားကြဖို့ပါ။ Ombudsman ဒါမှမဟုတ် 'စာနယ်ဇင်း မော်နီတာ' များ တိုက်တိုင်းမှာ ခန့်ထားရင် ကောင်းလေမလားလို့။

စံပယ်ဖြူ၊ မတ်၊ ၂၀၀၁

❖

mgyoe.com

mgyoe.com

## စာနယ်ဇင်းလုပ်ငန်းနဲ့ ပီအာလုပ်ငန်း ကွဲပြားစေချင်

မကြာမီရက်ပိုင်းကလေးက မိတ်ဆွေဟောင်း အမေရိကန်သတင်းစာဆရာတစ်ဦး ရောက်ရှိလာပါတယ်။ သူက အသက်ကလေးရလာတော့ ကွင်းထဲဆင်းတဲ့ သတင်းထောက်မလုပ်တော့ပါဘူး။ သတင်းစာတချို့မှာ နိုင်ငံရေး၊ လူမှုရေး ဝေဖန်သုံးသပ်တဲ့ဆောင်းပါးတွေ ပုံမှန်ရေးသားနေရင်း တစ်ဖက်ကလည်း တက္ကသိုလ်တစ်ခုမှာ သတင်းစာပညာ သင်ကြားတဲ့ ဆရာလုပ်နေပါတယ်။ သူ သတင်းထောက်လုပ်နေစဉ် ဟို လွန်ခဲ့တဲ့နှစ် ပေါင်း ၂၀ ကျော် ၂၅ လောက်ကတည်းက သိကျွမ်းခဲ့တာပါ။

သူနဲ့ စကားစမြည်ပြောကြရင်း သူတို့ တက္ကသိုလ်ရဲ့ သတင်းစာပညာသင်တန်း သင်ရိုးညွှန်းတမ်းကိစ္စတွေကို သူကရှင်းပြတော့ သွားရည်ယိုလိုက်တာ။ ဒီမှာတော့ ခုထိ သတင်းစာပညာသင်ကြားနိုင်တဲ့ တက္ကသိုလ်ကောလိပ်တွေ မလုပ်နိုင်သေးဘူးလို့ ပြောလိုက်မိပါတယ်။ ဒီတော့ သူက တယ်ပြီးမထူးလှပါဘူး။ သူတို့ အမေရိကန်မှာလည်း ခုအခါ သတင်းစာပညာ သင်တန်းစစ်စစ် ရှားသည်ထက် ရှားနေပါပြီဗျာလို့ ပြန်ပြီး ညည်းတွားလိုက်ပါတယ်။ ဒီနေ့ သတင်းစာပညာ သင်တန်းကျောင်းတွေမှာ သတင်းနည်းပညာတို့၊ လူထုဆက်သွယ်ရေး ပညာတို့၊ ပြည်သူ့ဆက်ဆံရေး ပညာတို့ (Information Technology, Mass Communication, Public Relations) ဆိုတဲ့ ဘာသာရပ်တွေနဲ့ ရောနှော သင်ကြားလာကြလေတော့

mgyoe.com

mgyoe.com


သတင်းစာပညာစစ်စစ် သင်ကြားပေးဖို့ အချိန်သိပ်မရှိတော့ဘူးလို့လည်း ဆက်ပြောပြပါတယ်။

ဒီနေ့ခေတ် လူငယ်တွေက ပင်ပန်းကြမ်းတမ်းပြီး တစ်ခါတလေ အသက်နဲ့ရင်းပြီးတောင် လုပ်ရပေမဲ့ လခသိပ်မရတဲ့ သတင်းထောက်အလုပ်ကို ခဏလောက်ဝင်လုပ်ပြီး ထွက်သွားကြတာ များတယ်။ ကြာရှည် ကြာမြဲ လုပ်သူ သိပ်မရှိဘူး။ သတင်းထောက်အလုပ်ကို အသက်နဲ့ရင်းဖို့ မလိုပေမဲ့ ဝင်ငွေကောင်းတဲ့ ပီအာ (ပြည်သူ့ဆက်ဆံရေး) လို၊ စီးပွားရေးလုပ်ငန်းကြီးတွေရဲ့ ဆက်သွယ်ရေးအရာရှိလို၊ ကြော်ငြာလုပ်ငန်းလို အလုပ်မျိုးတွေပဲ စိတ်ဝင်စားကြတော့တယ်လို့လည်း ပြောပါတယ်။ စာနယ်ဇင်းလုပ်ငန်းနဲ့ ပီအာလုပ်ငန်း ကွဲပြားခြားနားမှုရှိတာတောင် လူငယ်ပိုင်းက တယ်ပြီးမသိကြတော့ဘူးလို့လည်း ညည်းတွားပြပါတယ်။

သူပြောတာကြားရတော့ "စာနယ်ဇင်းတွေဟာ သမီးတို့လိုအနုပညာသမားတွေနဲ့ ပြည်သူတွေကို ပေါင်းကူးဆက်သွယ်ပေးနေတာပါ" လို့ မော်ဒယ်ငယ်လေးတွေ၊ မင်းသမီးပေါက်စလေးတွေ ပြောလေ့ရှိတာများကို ပြေးပြီးသတိရလိုက်မိပါတယ်။ တချို့သော စာနယ်ဇင်းအလုပ် လုပ်ကိုင်နေသူများက ဒီလို ပေါင်းကူးဆက်သွယ်ပေးတဲ့ အလုပ်ဟာ စာနယ်ဇင်းသမားများရဲ့ တာဝန်ဖြစ်တယ်လို့ မှတ်ယူပြောဆို ရေးသားနေကြတာများ ရှိနေတာကိုလည်း သတိရမိပါတယ်။

မိတ်ဆွေသတင်းစာဆရာက သူတို့ဆီက သတင်းစာတိုက်ကြီးတွေမှာ ခုအခါ သတင်းထောက်အလုပ်ကို သေတစ်ပန်သက်တစ်ဆုံး လုပ်ချင်ပါတယ်။ သတင်းထောက်အလုပ်ကလွဲပြီး တခြား ဘာအလုပ်မှ မလုပ်ချင်ပါဘူးဆိုတဲ့ လူငယ်မျိုးတွေ ရှာတွေ့ဖို့ ခက်သထက်ခက်လာနေပြီ။ ဒါပေမဲ့လို့ တစ်ဖက်မှာတော့ ဆက်သွယ်ရေးတို့၊ ပီအာတို့နဲ့ ဘွဲ့ရတဲ့လူငယ်တွေဟာ ပြီးခဲ့တဲ့ ၂၅ နှစ်အတွင်း ၁၅၀၀ ရာခိုင်နှုန်းထိ တိုးလာတယ်လို့ ဆိုပါတယ်။ ၁၉၆၆ က ဒီပညာတွေနဲ့ ဘွဲ့ရသူ ၃၁၃၁ သာ ရှိရာကနေပြီး ၁၉၉၁ ကျတော့ ၅၂၇၉၉ အထိ ရှိလာကြောင်းလည်း ကိန်းဂဏန်းအရေအတွက်နဲ့ တိတိကျကျ ပြောသွားခဲ့ပါတယ်။ ဒီလို ကိန်းဂဏန်းတွေ မှတ်မိနေတာက ၁၉၉၅ က ကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုကို သူ့သင်တန်းမှာ အမြဲတမ်း

mgyoe.com

mgyoe.com


ထည့်သွင်း သင်ကြားပေးနေတာကြောင့် ဖြစ်ကြောင်းလည်း သူက ရှင်းပြပါတယ်။

ဆက်သွယ်ရေးလုပ်ငန်း၊ ပီအာလုပ်ငန်း၊ ကြော်ငြာလုပ်ငန်းဆိုတာ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ဖျော်ဖြေရေးသဘင် လုပ်ငန်းသမားတွေက ငှားရမ်းအသုံးပြုကြတာ ဖြစ်လေတော့ ဝင်ငွေကောင်းကောင်း ရရှိကြတယ်လေ။ ဒီလုပ်ငန်းတွေကလည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဖြစ်ကြလေတော့ စနစ်တကျ သင်ယူတတ်မြောက်ဖို့ လိုအပ်ပါတယ်။ ကောလိပ်တွေ၊ တက္ကသိုလ်တွေမှာ အသေအချာသင်ယူဖို့ လိုအပ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်၊ ကောလိပ်တွေက ဒီဘာသာရပ်တွေ သင်ကြားသင့်ပါတယ်။ ဒါပေမဲ့လို့ သဘာဝချင်းမတူတဲ့ သတင်းစာပညာ သင်တန်းထဲကိုတော့ ရောနှောထည့်သွင်းတာမျိုး မလုပ်သင့်ပါဘူး။ လုပ်နည်းလုပ်ဟန်တချို့ တူသယောင်ရှိပေမဲ့ အခြေခံသဘာဝချင်းက အများကြီးခြားနားပါတယ်။

ဘယ်လိုခြားနားသလဲ ဆိုတာကို ကိုယ့်အတွေးအမြင်နဲ့ ပြောတာထက် ပိုပြီး လိုတိုရှင်းဖြစ်တဲ့ အိုင်ယာလန်နိုင်ငံသား သတင်းစာဆရာနဲ့ ဒဗ္ဗလင်တက္ကသိုလ်တစ်ခုမှာ သတင်းစာပညာသင်တဲ့ ဆရာလုပ်နေသူ Michael Foley ရဲ့ အဆိုကိုသာ ပြန်ပြီးဖောက်သည်ချလိုက်ချင်ပါတယ်။ သူက–

"One serves the public interest, the other a private interest"

"တစ်ခုက ပြည်သူလူထုကို အကျိုးပြုတယ်။ အခြားတစ်ခုကတော့ ပုဂ္ဂလိကကို အကျိုးပြုတယ်" လို့ အရှင်းဆုံး ပြောခဲ့ပါတယ်။ မိတ်ဆွေ အမေရိကန် သတင်းစာဆရာကတော့–

"သတင်းစာပညာ သင်ရိုးညွှန်းတမ်းထဲက လူထုဆက်သွယ်ရေးတို့၊ ပြည်သူ့ဆက်ဆံရေးတို့၊ ကြော်ငြာအတတ်ပညာတို့ ဆိုတာတွေ လုံးဝဖယ်ရှားပစ်သင့်တယ်။ ဒါတွေက သတင်းစာပညာနဲ့ ဘာမှမဆိုင်ဘူး။ စီးပွားရေးပညာရပ်တွေနဲ့သာ ဆိုင်တာ"လို့ ပြောပါတယ်။ ဒါပေမဲ့ ခက်တာက ဒီနေ့ခေတ်မှာ နေရာတကာ အုတ်အရောရော၊ ကျောက်အရောရော ဖြစ်နေကြတာမဟုတ်လား။ အဆိုးဆုံးကတော့ "ကြောင်ဖြူ ကြောင်မည်းက အရေးပါလှတာ မဟုတ်ဘူး။ ကြွက်မိဖို့သာ လိုရင်းပဲ" ဆိုတဲ့ အယူအဆ လွှမ်းမိုး

mgyoe.com

mgyoe.com


လာခြင်းပဲ။ ရှူးပတ်မားဒေါ့လို စီးပွားရေးသမားက သူပိုင် ရုပ်ရှင်ကုမ္ပဏီနဲ့ တေးသံသွင်းလုပ်ငန်းလုပ်သလိုမျိုး သတင်းစာတွေကို လုပ်ကိုင်လာခြင်း ဖြစ်တယ်။ သူလိုလူစားမျိုးတွေ အတွက်တော့ သတင်းစာဟာ ကြော်ငြာ လုပ်ငန်း၊ ပီအာလုပ်ငန်းအဖြစ် ရောက်ရှိသွားရတာ ဘာမှအရေးထားစရာ မလိုပါဘူး။ စောင်ရေများများထုတ်ရပြီး ပိုက်ဆံများများရရင် ပြီးတာပဲပေါ့။

သတင်းစာဆိုတာ ကြော်ငြာလုပ်ငန်း မဟုတ်ပါဘူး။ ပီအာလုပ်ငန်း လည်း မဟုတ်ပါဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ ကြော်ငြာပေးဖို့၊ ပေါင်းကူး ဆက်သွယ်ပေးဖို့ တာဝန်မရှိပါဘူး။ ဘယ်အကြောင်းကိစ္စမျိုးကိုမှ မြှင့်တင် ပေးစရာမလိုပါဘူး။ သတင်းစာဆိုတာ စာဖတ်သူ ပြည်သူလူထုကို သတင်း ပေးဖို့ဆိုတဲ့ တာဝန်တစ်ခုတည်း ရှိပါတယ်။ သတင်းပေးတဲ့အလုပ်ကလွဲပြီး တခြား ဘာတာဝန်မှမရှိပါဘူး။ ပေးတဲ့သတင်းမှန်ဖို့၊ တိကျဖို့၊ ခိုင်မာဖို့ ဆိုတာ သတင်းစာဆရာ၊ စာနယ်ဇင်းသမားတို့အတွက် အရေးကြီးဆုံး တစ် ခုတည်းသော ဝတ္တရားဖြစ်ပါတယ်။

ဆက်သွယ်ရေးလုပ်ငန်း၊ လူထုဆက်ဆံရေး (ပီအာ) လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း ဆိုတာမျိုးတွေကျတော့ သဘာဝကိုက ပုဂ္ဂလိကအကျိုး စီးပွား လုပ်ဆောင်ပေးဖို့ တာဝန်ယူရတာဖြစ်လေတော့ မှားတာ၊ မှန်တာ ထက် ကိုယ့်ကို ပိုက်ဆံပေးငှားရမ်းတဲ့ လုပ်ငန်းရှင်ရဲ့ဆန္ဒအတိုင်း လုပ်ပေး ရမှာ ဖြစ်ပါတယ်။ လိမ်ခိုင်းရင်လည်း လိမ်ပေးရတာပါပဲ။ ဒါနဲ့ပတ်သက် ပြီး ပီအာလုပ်ငန်း လုပ်ကိုင်နေသူ ဂျူလီယာဟော့စဘောင်းဆိုသူ အမျိုး သမီး ပီအာပညာရှင်က–

"ပီအာကုမ္ပဏီတွေဟာ သူတို့ဖောက်သည် လုပ်ငန်းရှင်တွေအတွက် လိမ်ပေးနေကြတာပဲ။ ကမ္ဘာပေါ်က အအောင်မြင်ဆုံး ပီအာလုပ်ငန်းကြီးတွေ ထဲက တစ်ခုဖြစ်တဲ့ 'Hill and knowlton' ကုမ္ပဏီကြီးက ကူဝိတ်ကို ဝင် သိမ်းပိုက်တဲ့ အီရတ်စစ်တပ်တွေဟာ ဆေးရုံပေါ်က ဖန်ပေါင်းချောင် (incu-bators) တွေထဲ ထားရတဲ့ မွေးကင်းစကလေးလေးတွေကို ဆွဲထုတ်ပြီး လမ်းမပေါ် လွှင့်ပစ်တယ်ဆိုတဲ့ သတင်းလိမ်တွေ လွှင့်ထုတ်ဖြန့်ဝေပေးခဲ့ရ တာပဲ။ ဒါတွေဟာ မမှန်ဘူးဆိုတာ ကျွန်မတို့အားလုံး သိနေကြတာပဲ" လို့ ရေးခဲ့ဖူးပါတယ်။ အထူးသဖြင့် ဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းတွေက

mgyoe.com

mgyoe.com


ပီအာသမားတွေဟာ အလိမ်ညာရဆုံးသူတွေ ဖြစ်ကြတယ်လို့လည်း သူက ဆက်ရေးပါသေးတယ်။

အဲဒီလိုသဘာဝရှိတဲ့ ကြော်ငြာလုပ်ငန်း၊ လူထုဆက်သွယ်ရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း စတဲ့လုပ်ငန်းမျိုးတွေကို သတင်းစာပညာလို "အမှန်သတင်းကို ဖော်ထုတ်ရေးသားဖို့ကလွဲပြီး တခြား ဘာတာဝန်မှ မရှိ" ဆိုတဲ့ ဘာသာရပ်မျိုးထဲ ထည့်သွင်း သင်ကြားပေးခြင်း ပြုသင့်၊ မသင့် ဆိုတာ အလေးအနက် ဆင်ခြင်စဉ်းစားကြရမှာပဲ ဖြစ်ပါတယ်။

သတင်းစာဆရာမှာ သတင်းရှာဖွေ ဖော်ထုတ်ရေးသားဖို့ဆိုတဲ့ တာဝန်ကလွဲပြီး တခြား ဘာတာဝန်မှမရှိလို့ ဆိုခဲ့တာကို အကောက်အယူ မလွဲစေချင်ပါဘူး။ သတင်းစာဆရာဆိုတာ 'မိုးကျရွှေကိုယ်' မဟုတ်ပါဘူး။ လူထဲက လူသာဖြစ်တယ်။ နိုင်ငံတစ်ခုခုရဲ့ နိုင်ငံသားဖြစ်တယ်။ အဲဒီတော့ လူ့အဖွဲ့အစည်းထဲက လူသားတစ်ယောက် လိုက်နာကျင့်သုံးရတဲ့ 'လူ့ကျင့်ဝတ်' တွေကို လိုက်နာ စောင့်ထိန်းရမှာပဲ ဖြစ်တယ်။ ကိုယ်နေထိုင်ရာနိုင်ငံက နိုင်ငံသူ နိုင်ငံသားတစ်ယောက် လိုက်နာကျင့်သုံးရတဲ့ နိုင်ငံသားကျင့်ဝတ်တွေကို လိုက်နာစောင့်ထိန်းရမှာပဲ ဖြစ်တယ်။ သတင်းစာဆရာ၊ စာနယ်ဇင်းသမားဖြစ်လို့ဆိုပြီး ခြွင်းချက်ပေးထားတာ မရှိဘူး။ တရားဥပဒေဆိုတာ ခြွင်းချက် လုံးဝမရှိဘူး။ တရားဥပဒေရဲ့အပြင်ဘက် ကင်းလွတ်ထားသူရယ်လို့ ဘယ်သူမှ မရှိဘူး။

သတင်းစာသမား၊ စာနယ်ဇင်းသမားဟာ လူထဲက လူသားတစ်ယောက်ဖြစ်လို့ သူ့မှာ ကိုယ်ပိုင်ခံစားချက်၊ ကိုယ်ပိုင်ယုံကြည်ချက် ရှိမှာပဲ ဖြစ်တယ်။ ဒီလိုရှိတာ အပြစ်မဟုတ်ဘူး။ သူ့မှာလည်း ချစ်တဲ့စိတ်၊ မုန်းတဲ့စိတ် ရှိမှာပဲဖြစ်တယ်။ ဒါလည်း သဘာဝပဲ။ အပြစ်တင်လို့မရဘူး။ ဒါပေမဲ့ လို့ သူ့ကိုယ်ပိုင်ခံစားချက်၊ ယုံကြည်ချက်နဲ့ သူချစ်တာ၊ မုန်းတာတွေနဲ့ သတင်းတစ်ပုဒ်ကို လိုရင်တစ်မျိုး၊ မလိုရင်တစ်မျိုး ရေးချင်သလို ဆွဲရေးလို့ မရဘူး။ သတင်းဆိုတာ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်းပဲ တိတိကျကျ မှန်မှန်ကန်ကန် ရေးရတယ်။ သတင်းကို မချဲ့ရဘူး။ မမွမ်းရဘူး။ မကွန့်ရဘူး။

ချဲ့ချင်၊ မွမ်းချင်၊ ကွန့်ချင်ရင် ဒါမှမဟုတ် ကိုယ်ပိုင်ခံစားချက်၊

mgyoe.com

mgyoe.com


ကိုယ်ပိုင်ယုံကြည်ချက်၊ ကိုယ်ပိုင်အမြင်တွေကို ရေးချင်ရင်လည်း ရေးခွင့်ရှိပါတယ်။ ဒါပေမဲ့လို့ သတင်းရေးရာမှာတော့ မဟုတ်ဘူး။ သတင်းကို အခြေခံပြီးရေးတဲ့ သတင်းဆောင်းပါး (Feature Story) ဆိုတာမျိုး၊ ဝေဖန်သုံးသပ်ချက် ဆောင်းပါးမျိုး (Commentary Article)၊ ထင်မြင်ချက်ပေးတဲ့ ဆောင်းပါးမျိုး (Opinion Column) ဆိုတာမျိုးတွေမှာ ကိုယ့်နာမည်တပ်ပြီး ရေးနိုင်ပါတယ်။ ကိုယ့်နာမည်တပ်ပြီး ရေးတာဖြစ်တဲ့အတွက် ဖြစ်လာတဲ့ အကျိုးဆက်မှန်သမျှ ကိုယ့်ဟာကိုယ် တာဝန်ယူရမှာ ဖြစ်တယ်။ သတင်းတွေနဲ့ သတင်းစာခေါင်းကြီး ဆိုတာကတော့ သတင်းစာတစ်စောင်လုံးရဲ့ မူဝါဒနဲ့ ပေါ်လစီကို ကိုယ်စားပြုထားတာဖြစ်လို့ အယ်ဒီတာ တစ်ယောက်၊ သတင်းထောက်တစ်ယောက်ရဲ့ အတ္တနောမတိ လုံးဝ ရာနှုန်းပြည့် ကင်းစင်ရပေလိမ့်မယ်။

ဂျာနယ်တွေ တစ်ခေတ်ဆန်းလာတဲ့ ဒီကာလမှာ ပြည်ပသွားပြီး သတင်းစာပညာ သင်တန်းတက်ချင်ကြတဲ့လူငယ်တွေ များလာတာ သတိထားမိပါတယ်။ ဒါပေမဲ့လို့ ကိုယ်တက်မယ့်သင်တန်းဟာ ဘယ်လို သင်တန်းမျိုးဖြစ်ပြီး ဘယ်လိုသတင်းစာဆရာတွေက သင်ပေးကြမှာလဲဆိုတာကို အရင်ဆုံး လေ့လာစုံစမ်းမှု ပြုသင့်ကြတယ်လို့ အကြံပြုလိုက်ချင်ပါတယ်။

မြားနတ်မောင်၊ အောက်တိုဘာ၊ ၂၀၀၄

❖

mgyoe.com

mgyoe.com

# စာနယ်ဇင်းသစ်ဆိုတာ

ကမ္ဘာ့စာပေလောကမှာ ရသစာပေရယ်လို့ စတင်ထွန်းကားလာတဲ့ အချိန်ကစပြီး နှစ်ရာပေါင်းများစွာ စာပေဦးကင်းအဖြစ် တည်ရှိလာခဲ့တာ ကတော့ ကဗျာပါ။ နန်းရင်ပြင်မှာလည်း ကဗျာ၊ ကျေးလက်လယ်ကွင်းတွေ ထဲမှာလည်း ကဗျာ၊ တစ်မိုးလုံးဖျောက်ဆိတ်လို့ ဆိုရလောက်အောင်ကို ကဗျာ အရှိန်အဝါ ထွန်းလင်းတောက်ပခဲ့ပါတယ်။

၁၈၃၀ ပြည့်နှစ်တွေအတွင်းမှာတော့ ကဗျာကို အန်တုမယ့် အရေး အသားပုံစံတစ်မျိုး ခေါင်းပြူလာပါတယ်။ အဲဒါကတော့ နော်ဗဲလို့ခေါ်ကြ တဲ့ ဝတ္ထုရှည်ပါ။ နန်းရင်ပြင်မှာရော လူတွေကြားမှာရော သာသနာအဝန်း အဝိုင်းမှာပါ ဖတ်စပြုလာကြရာက ၁၈၄၀–၅၀ ဆယ်စုနှစ်အတွင်း ရောက် တော့ ကဗျာကို ပခုံးချင်းယှဉ်တဲ့အနေအထားကို ရောက်လာခဲ့ပါတယ်။

၁၈၃၁ ခုနှစ်မှာ ကဗျာ့ဘုရင် ဘိုင်ရွန်က ကဗျာဟာ စာပေလောကရဲ့ ဦးကင်းမဟုတ်တော့ဘူး။ ရာဇပလ္လင်ကို ခွဲဝေထိုင်နေရပြီလို့ ပြောခဲ့ကြောင်း သောမတ်ကာလိုင်းက ရေးသားခဲ့ပါတယ်။ ၁၈၅၀ နောက်ပိုင်းတွေရောက် တော့ ဝတ္ထုရှည်က သရဖူဆောင်းပြီး ကဗျာကို ရာဇပလ္လင်ပေါ်က ဖယ်ရှား လိုက်ပါတယ်။ နန်းကျကဗျာခမျာတော့ ဒုတိယတန်းနေရာမှာပဲ နေရာရပါ တော့တယ်။

စတင်ပေါ်ထွန်းလာစက အခြေအမြစ်မရှိတဲ့ ကလေကချေ အရိုင်း

mgyoe.com

mgyoe.com


အစိုင်းတွေပဲလို့ နှာခေါင်းရှုံ့ခဲ့ကြရသူ ဝတ္ထုရေးဆရာတွေလည်း ပွဲလယ်တင့်တဲ့ အဖြစ်ကို ရောက်လာကြပါတယ်။ စာပေသမားအားလုံးရဲ့ အားကျစရာ ဖြစ်လာပါတယ်။ စာပေဝါသနာကြီးသူ မှန်သမျှရဲ့ အန္တိမရည်မှန်းချက်ဟာ ဝတ္ထုရေးဆရာတစ်ယောက်အဖြစ် ပေါက်မြောက်ဖို့ပါပဲ။ သတင်းစာသမားတွေကလည်း ဝတ္ထုရေးဆရာဖြစ်ဖို့ သတင်းစာကို လေ့ကျင့်ရေးကျောင်းအဖြစ် သဘောထားနေကြတာပါ။ သတင်းထောက်လုပ်ရင်းနဲ့ ကော်လံတစ်ခုအပိုင်စားရဖို့ ကြိုးစားနေကြတာပါ။ ကော်လံတစ်ခု အပိုင်စားရပြီဆိုရင်တော့ အဲဒီကော်လံမှာ 'သတင်းဆောင်းပါး' တွေရေးပြီး ကလောင်စွမ်း ပြကြတော့တာပေါ့။

သတင်းစာတိုက်တွေက အယ်ဒီတာတွေဟာ သူတို့ရဲ့ နေရာကို သတင်းထောက်တွေက လုယူကြမှာကို ဘယ်တော့မှ စိုးရိမ်မနေကြရပါဘူး။ ဘာကြောင့်လဲဆိုတော့ သတင်းထောက်တိုင်းဟာ ကိုယ်အပိုင်စားရထားတဲ့ 'ခွင်' ကနေ ကလောင်စွမ်းပြဖို့သာ အဓိကထားနေကြလို့ပါ။ အဲဒီကမှတစ်ဆင့် သူက ဝတ္ထုရေးဆရာဖြစ်အောင် လုပ်မှာကိုး။ "လူမမြင်ရှင်မကြား" အခန်းထဲမြုပ်နေရတဲ့ အယ်ဒီတာအလုပ်မျိုးကို မမက်မောကြပါဘူး။

၁၈၇၅ က ၁၉၆၅ ခုနှစ်အထိ ကာလများဟာ ဝတ္ထုရေးဆရာတွေဘုန်းမီးနေလတောက်ခဲ့တဲ့ အချိန်တွေပါ။ ဝတ္ထုကောင်းကြီးတွေလည်း အုံနဲ့ကျင်းနဲ့ ထွက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ခြောက်ဆယ်နှောင်းပိုင်းရောက်တော့ဝတ္ထုဟာလည်း ရာဇပလ္လင်ပေါ်က ဆင်းပေးလိုက်ရပြန်ပါတယ်။ သူတို့ဆီက သရဖူကို ချွတ်ယူလိုက်တာကတော့ ပုံစံတစ်မျိုးနဲ့ ပေါ်ထွက်လာတဲ့စာနယ်ဇင်းအရေးအသားပါ။

၁၉၆၀ ပြည့်နှစ်လောက်မှာ အဲဒီအရေးအသား ဝင်ရောက်လာပါတယ်။ သတင်းစာတွေထဲက စလိုက်တဲ့ပုံစံပါ။ သတင်းဆောင်းပါးတွေကို သမားရိုးကျ 'ဘခြောက်လုံး' ပုံစံနဲ့မရေးဘဲ ဝတ္ထုလို သရုပ်ဖော်ချက်တွေကို အသေးစိတ် ခြယ်မှုန်းရေးခဲ့ကြပါတယ်။ ပတ်ဝန်းကျင်သရုပ်ဖော်ချက်တွေ၊ စိတ်ခံစားမှု သရုပ်ဖော်ချက်တွေကို အသေးစိတ်ခြယ်မှုန်းပြီး သတင်းကို ရုပ်လုံး 'ကြွ' တက်လာအောင် လုပ်ပေးကြပါတယ်။

mgyoe.com

mgyoe.com


သတင်းစာရဲ့ သမားရိုးကျ အရေးအသားက အချက်အလက်အဖြစ် အပျက်ကိုသာ အဓိကထားပြီး နောက်ခံရှုခင်းကို လျစ်လျူရှုထားလေ့ ရှိပါတယ်။ နောက်ပေါ်လာတဲ့ အရေးအသားပုံစံကတော့ နောက်ခံမြင်ကွင်းကို အသေးစိတ်ခြယ်မှုန်းပေးပြီး သတင်းအချက်အလက်ကို မြင်ကွင်းကျယ် ဖြစ်လာစေခဲ့တယ်။

ဒီအရေးအသားမျိုး စတင်ပေါ်ထွက်လာတော့ သမားရိုးကျ သတင်းစာသမားတွေက ဒါဟာ သတင်းအရေးအသားမဟုတ်ဘူး။ ဝတ္ထုဆန်တယ်လို့ နှာခေါင်းရှုံ့ခဲ့ကြတယ်။ ဝတ္ထုရေးဆရာတွေကလည်း ဒါ ဝတ္ထုမဟုတ်ဘူး၊ သတင်းဆောင်းပါးရှည်ကြီးသာ ဖြစ်တယ်လို့ ဆိုခဲ့ကြတယ်။

ဘယ်သူတွေ ရှုတ်ချ ရှုတ်ချ ဒီအရေးအသားပုံစံဟာ ခြောက်ဆယ်နောက်ပိုင်း ကာလများအတွင်းမှာ ထွန်းထွန်းကားကားကြီး ဖြစ်လာခဲ့ပါတယ်။ ကမ္ဘာ့စာပေလောက အနေအထားကိုကြည့်လိုက်ရင် ခြောက်ဆယ်နှောင်းပိုင်းက အစ ကိုးဆယ်လယ်ပိုင်းကာလအထိ နှစ်ပေါင်း သုံးဆယ်အတွင်း ထွက်လာခဲ့သမျှ စာအုပ်ကောင်းမှန်သမျှဟာ ဝတ္ထုရှည်ကြီးတွေ မဟုတ်တော့ပါဘူး။ 'စိတ်ကူးဝတ္ထု' အမျိုးအစားမဟုတ်တဲ့ စာအုပ်တွေချည်း ဖြစ်ပါတယ်။ ဒီစာအုပ်ကောင်းတွေ ရေးသားသူတွေဟာလည်း ဝတ္ထုရေးဆရာတွေ မဟုတ်ကြပါဘူး။ စာနယ်ဇင်းသမားတွေ ဖြစ်ကြပါတယ်။

စာနယ်ဇင်းသမားတွေက ဝတ္ထုရေးဆရာရဲ့ ခေါင်းပေါ်က သရဖူကို ဖြုတ်ယူလိုက်ကြပြီ။ နန်းချခံလိုက်ရတဲ့ ဝတ္ထုရေးဆရာတွေဟာ စာပေသမိုင်းစာမျက်နှာတွေကို ချွေးပြိုက်ပြိုက်ကျအောင် လှန်လှောမွှေနှောက်ပြီး သူတို့ဘယ်နေရာရောက်နေပြီလဲ ဆိုတာကို ရှာဖွေနေကြရပြီလို့ ဆိုသူတွေက ဆိုကြပါတယ်။

ကမ္ဘာ့စာပေသမိုင်းမှာ နှစ်တစ်ရာနီးပါး သရဖူဆောင်းခဲ့တဲ့ ဝတ္ထုရှည် အရေးအသားကို ရာဇပလ္လင်ပေါ်က ဆွဲချခဲ့တဲ့ ဒီအရေးအသားပုံစံသစ်ကို လေ့လာကြည့်ဖို့အတွက် ဒီဆောင်းပါးကိုရေးတာ ဖြစ်ပါတယ်။ ဒီအရေးအသား ပုံစံသစ်ကို လက်ဦးအစ ရေးခဲ့ကြသူတွေထဲမှာ ပါဝင်ခဲ့တဲ့ နယူးယောက်တိုင်း သတင်းစာနဲ့ နယူးယော့ကား မဂ္ဂဇင်းတို့က သတင်းစာဆရာနှစ်ဦးဖြစ်တဲ့ Tom Wolfe နဲ့ E. W Johnson တို့ရဲ့ The New Journalism

mgyoe.com

mgyoe.com

ဆိုတဲ့ စာအုပ်ကို အခြေခံပြုပြီး ရေးသားသွားပါမယ်။ ဒီစာအုပ်ဟာ စာနယ်ဇင်း အရေးအသား ပုံစံသစ်သမိုင်းသဖွယ်ဖြစ်လို့ တိုက်ရိုက်ဘာသာပြန်သင့်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ မူရင်းစာအုပ်က ထူထဲလွန်းတဲ့အတွက် မဂ္ဂဇင်းနဲ့ တန်သင့်ရုံ ကောက်နုတ်ကိုးကားတဲ့ပုံစံနဲ့ပဲ ရေးလိုက်ရပါတယ်။

"စာနယ်ဇင်းသစ် ဆိုတဲ့စကားကို ဘယ်သူက စထွင်လိုက်တယ် ဆိုတာတော့ မသိပါဘူး။ ၁၉၆၅ ခုနှစ်ထဲမှာ စတင်ကြားဖူးခဲ့ပြီး ၁၉၆၆ ခုနှစ်လောက်ကျတော့ စကားဝိုင်းတွေထဲမှာ ဒီစကားလုံးပါ ပါနေပြီဆိုတာ သတိထားခဲ့မိတယ်။ အမှန်ပြောရရင် ဒီစကားလုံးကို တယ်မကြိုက်လှပါဘူး။ လှုပ်ရှားမှုတစ်ခုဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ရပ်ဖြစ်ဖြစ်၊ ပါတီတစ်ပါတီဖြစ်ဖြစ်၊ အတွေးအခေါ်အယူအဆ တစ်မျိုးဖြစ်ဖြစ် 'သစ်' ဆိုတဲ့ စကားလုံးပါခဲ့ရင် စကတည်းက ပြဿနာတွေကိုဖိတ်ခေါ်သလို ဖြစ်တတ်ပါတယ်။ သမိုင်းရဲ့ အမှိုက်ကျုံးတဲ့ သမ္ဘန်ကြီးပေါ်မှာ ဒါမျိုးတွေပြည့်နှက်နေတာပါပဲ။ လူသားဝါဒသစ်၊ ကဗျာသစ်၊ ဝေဖန်ရေးသစ်၊ ကွန်ဆားဗတစ်ဝါဒသစ်၊ နယ်ခြားသစ် စတဲ့ဟာမျိုးတွေပေါ့"

'စာနယ်ဇင်းသစ်' ဆိုတဲ့ စကားလုံးဟာ တဖြည်းဖြည်းနဲ့ လူတွေ အာရုံစိုက်ရတဲ့အရာ ဖြစ်လာခဲ့တယ်။ တကယ်တော့ သူဟာ 'လှုပ်ရှားမှု' တစ်ခုလည်း မဟုတ်ဘူး။ သူ့မှာ ကြော်ငြာစာတမ်းဆိုတာလည်း မရှိဘူး။ ယုတ်စွအဆုံး ဒီပုံစံအသစ်ကို နှစ်ခြိုက်သူတွေ ဆုံတွေ့စုဝေးကြတဲ့ ဆိုင်ကလေးမျိုးတောင် မရှိဘူး။ ဒါပေမဲ့ အနုပညာနယ်ပယ်မှာ 'စိတ်ဂယက်ထ' စရာ ပုံသဏ္ဍာန်တစ်ခု စာနယ်ဇင်းလောကထဲက ပေါ်ထွန်းလာတယ် ဆိုတာကိုတော့ သတိမပြုဘဲကို မနေနိုင်ကြတော့ပါဘူး" လို့ သတင်းစာဆရာ တွမ်ဝုဖ်က 'စာနယ်ဇင်းသစ်' စာအုပ်နိဒါန်းမှာ ရေးခဲ့ပါတယ်။

ဒီပုံစံသဏ္ဍာန်သစ် အရေးအသားဟာ ၁၉၆၀ ပြည့်နှစ်များ အတွင်းမှာ ဂရုပြုခံရတဲ့အနေအထားကို ရောက်ခဲ့တာဖြစ်ပေမဲ့ ၅၀ ပြည့်နှစ်များ အတွင်းကတည်းက စတင် သန္ဓေတည်နေပါပြီ။ ကာလီဖိုးနီးယားက သတင်းထောက် ရစ်ချတ်ဂေးမင်းနဲ့ တချို့သတင်းထောက်တွေဟာ ဒီရေးနည်းမျိုးကို စမ်းသပ်ရေးသားနေကြပါပြီ။ သူတို့ဟာ ၁၈ ရာစု အစလောက်ဆီက ထွန်းကားခဲ့တဲ့ ခရီးသွားစာပေတွေဆီက နည်းနာခံယူခဲ့ကြတာ ဖြစ်

mgyoe.com

mgyoe.com

ပါတယ်။ ဒစ်ကင်းရဲ့ မောနင်းခရော်နီကယ် သတင်းစာမှာ ရေးခဲ့တဲ့ "Sketches of Boz"ဆိုရင်လည်း လန်ဒန်မြို့တော်ကြီးက သူလို ငါလို လမ်းပေါ်က လူတွေအကြောင်း အသေးစိတ်လေ့လာ ရေးသားထားတာ ဖြစ်ပါတယ်။ မာ့ခ်တွိန်ရဲ့ "Innocents Abroad" ဆိုရင်လည်း သတင်းထောက် တစ်ယောက်လို စုံစမ်းထောက်လှမ်းပြီး မြင်ကွင်းတွေ၊ စကားပြောခန်းတွေနဲ့ ခြယ်မှုန်းရေးသားထားတာ ဖြစ်ပါတယ်။ ချက်ကော့ရဲ့ "A Journey to Sakhalin"၊ Dostoevsky ရဲ့ "The Possessed" နဲ့ ဂျော့အော်ဝဲရဲ့ "Down and out in Paris and London" ဆိုတဲ့စာအုပ်တွေဟာလည်း ဒီအရေးအသား ပုံသဏ္ဍာန်သစ်ရဲ့ မြစ်ဖျားခံရာတွေလို့ ဆိုနိုင်ပါတယ်။

၁၉၆၀ ပြည့်နှစ်ဦးပိုင်းမှာ Breslin က ဒီပုံစံသစ်အရေးအသားကို Esquire မဂ္ဂဇင်းမှာ စတင်ရေးသားခဲ့ပါတယ်။ နောက်တော့ နယူးယော့ကားနဲ့ True မဂ္ဂဇင်းအတွက်လည်း ဒီအရေးအသားမျိုးတွေ ထည့်သွင်းလာကြတယ်။ ၁၉၆၅ ခုနှစ်ထဲရောက်တော့ Trueman Capote က နယူးယော့ကားမှာ In cold blood ဆိုတဲ့ ခေါင်းစဉ်နဲ့ရေးလိုက်ပါတယ်။ အဲဒီအခါကျတော့ စာပေလောကတစ်ခုလုံး ပွက်လောရိုက်သွားပါတော့တယ်။ ဝိုင်းပြီး ဝေဖန်ကြ၊ ရှုတ်ချကြပေါ့လေ။ တချို့က 'မျိုးမစစ်စာပေ' ဆိုပြီး ကင်ပွန်းတပ်ကြတယ်။ တချို့ကတော့ 'စာနယ်ဇင်းပညာတု' လို့ ခေါ်ကြတယ်။ တချို့ကတော့ 'ကလေကချေ ပစ္စည်းမဲ့စာပေ" လို့တောင် ပြက်ရယ်ပြုကြပါတယ်။

ရေးသူ ထရူးမင်းကပေါ့ကိုယ်တိုင်ကလည်း သူ့စာပေကို သတင်းစာပညာလို့ မခေါ်ဘဲ "စိတ်ကူးဝတ္ထုမဟုတ်တဲ့ ဝတ္ထုရှည်" Non Fiction Novel လို့ ကင်ပွန်းတပ်ခဲ့ပါတယ်။ ဒီစာအုပ်ဟာ အလွန်အောင်မြင်ကျော်ကြားတဲ့ စာအုပ်ဖြစ်သွားတာနဲ့ ကပေါ့ရဲ့နာမည်ဟာလည်း စာပေလောကမှာ ဟိုးလေးတကျော် ဖြစ်သွားပါတော့တယ်။ ဒီတစ်အုပ်ကိုရေးဖို့ ကပေါ့ဟာ ငါးနှစ်လုံးလုံး အချိန်ယူပြီး အကျဉ်းကျခံနေရတဲ့ လူသတ်တရားခံတွေကို သွားရောက်တွေ့ဆုံမေးမြန်း စုဆောင်းခဲ့ရပါတယ်။

John Sack ဆိုရင်လည်း စစ်တပ်ထဲမှာ စစ်သားတွေနဲ့ အတူနေ၊ အတူအိပ်၊ အတူစား၊ အတူသင်တန်းတွေတက်ပြီး ဗီယက်နမ်စစ်မြေပြင်ထိ

mgyoe.com

mgyoe.com

အတူလိုက်ပါခဲ့ပါတယ်။ ဒီနောက်မှာ Esquire မဂ္ဂဇင်းမှာ "M" ဆိုတဲ့ စာအုပ်နဲ့ Catchzz ဆိုတဲ့ စာအုပ်တွေကို ရေးခဲ့တာဖြစ်ပါတယ်။

Hunter Thompson ဆိုရင် Hell's Angels ဆိုတဲ့ မော်တော်ဆိုင်ကယ်စီး ဒုစရိုက်လူငယ်ဂိုဏ်းထဲကို ဂိုဏ်းဝင်တစ်ဦးအဖြစ် ၁၈ လလုံးလုံး ဝင်နေခဲ့ပြီး အဲဒီဂိုဏ်းရဲ့သတင်းတွေကို စုဆောင်းခဲ့ပါတယ်။ နောက်တော့ အဲဒီဂိုဏ်းက ရိပ်မိသွားပြီး သူ့ကို မသေရုံတမည် ထိုးကြိတ်ရိုက်နှက်တာကို ခံလိုက်ရပါတယ်။ အဲဒီအသက်နဲ့ရင်းပြီး ရေးခဲ့ရတဲ့ The Strange and Terrible Saga of the outlaw Motorcycle Gang ဆိုတဲ့ စာအုပ်ဟာ အဲဒီနှစ်အတွက် "အကောင်းဆုံး အလွတ်သတင်းထောက် ဆု" ကို ရရှိခဲ့ပါတယ်။

စာနယ်ဇင်းသစ် အရေးအသားတွေ ဝေဆာဖြစ်ထွန်းလာတာနဲ့အမျှ ဝေဖန်တိုက်ခိုက်မှုတွေလည်း ပြင်းထန်ကြီးမားလာခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ တွမ်ဝုဖ်က–

"၂၀ ရာစု တစ်ခုလုံး စာပေလောကဟာ သမားရိုးကျ စာပေအမျိုးအစားတွေနဲ့ပဲ ခပ်အေးအေး ရပ်တည်နေခဲ့ကြတယ်။ စာပေလောကရဲ့ သတ်မှတ်ချက်တွေဟာလည်း ၁၈ ရာစုခေတ်က လူတန်းစား သတ်မှတ်ချက်တွေ အတိုင်းပဲ ရှိနေခဲ့တယ်။ စာပေလောကရဲ့ အမြင့်ဆုံးအထက်လွှာမှာ ဝတ္ထုရေးဆရာတွေ ရှိကြတယ်။ ပြဇာတ်ဆရာနဲ့ ကဗျာဆရာတို့လည်း အဲဒီအလွှာထဲမှာ ပါနိုင်ကြတယ်။ ဒါပေမဲ့ ဝတ္ထုရေးဆရာတွေသာ အများဆုံးရှိကြတယ်။ ဝတ္ထုရေးဆရာတွေသာ ဖန်တီးမှုစာပေရေးသားသူ စာပေအနုပညာရှင်တွေ ဖြစ်တယ်လို့ သတ်မှတ်ကြတယ်။ သူတို့သာလျှင် လူသားရဲ့ ဝိညာဉ်အတွင်းပိုင်းကို ဝင်နိုင်ခွင့်ရှိတယ်။ လူသားရဲ့စိတ်လှုပ်ရှားမှု၊ ခံစားမှု၊ လျှို့ဝှက်ဆန်းကြယ်မှုတွေထဲကို သူတို့သာလျှင် ဖြန့်ကြက်နိုင်ခွင့်ရှိတယ်လို့ သတ်မှတ်ခဲ့ကြတယ်။

'အလတ်လွှာ' ကတော့ 'စာပေပညာရှင်' ဆိုတဲ့ အက်ဆေးဆရာတွေ၊ ဝေဖန်ရေးဆရာတွေ၊ အတ္ထုပ္ပတ္တိရေးဆရာတွေ၊ သမိုင်းပညာရှင်နဲ့ သိပ္ပံပညာရှင်တွေ ပါဝင်တယ်လို့ သတ်မှတ်ထားကြတယ်။ သူတို့နယ်ပယ်ပိုင်နက်ကတော့ ဝေဖန်သုံးသပ်ခြင်း၊ နက်နက်ရှိုင်းရှိုင်းလေ့လာခြင်း၊ အသိ

mgyoe.com